# ဥဇဘက်ကစ္စတန်နိုင်ငံ၏
# ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေသစ်
# နှင့်
# ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံး၏ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရာ၌ တွေ့ကြုံရသည့်အချို့ပြဿနာများ


စာတမ်းပြုစုတင်ပြသူ-

ဒေါ်လွဲ့လွဲ့ခိုင်
ဒုတိယညွှန်ကြားရေးမှူး (ဥပဒေဌာနခွဲ)
ဒေါ်ယဉ်မျိုးဝင်း
ဒုတိယဦးစီးမှူး (ရုံးအဖွဲ့)



ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်

# မာတိကာ

နိဒါန်း


၁။ ပထဝီအနေအထား

၂။ နိုင်ငံ၏ စီးပွားရေး

၃။ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏ သမိုင်းကြောင်းအကျဉ်း

၄။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကာရာကယ်လ်ပါ့ခ်စတန်

၅။ နိုင်ငံဖွဲ့စည်းမှု

၆။ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း

၇။ ဥပဒေပြုရေး

၈။ အုပ်ချုပ်ရေး

၉။ တရားစီရင်ရေး

၁၀။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

၁၁။ အသစ်ပြဋ္ဌာန်းလိုက်သော ဥဇဘက်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥပဒေအရ ပြောင်းလဲလာသည့် အခြေအနေများ

၁၁-၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများအား ခန့်အပ်သည့် နည်းလမ်း

၁၁-၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများ၏ အရည်အချင်း

၁၁-၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏လုပ်ငန်းတာဝန်များ

၁၁-၄။ အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် လမ်းညွှန်ချက်

၁၁-၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ တင်သွင်းခွင့်ရှိသူများ

၁၁-၆။ အပြီးသတ်ဆုံးဖြတ်ချက်များအား မှီငြမ်းကိုးကားစေခြင်း

၁၁-၇။ ဆုံးဖြတ်ချက်အာဏာသက်ရောက်သည့် ကာလနှင့် လိုက်နာဆောင်ရွက်ရမည့် ကာလအပိုင်းအခြား

၁၁-၈။ ဆုံးဖြတ်ချက်အားပေးပို့ခြင်း

၁၁-၉။ တာဝန်ရှိမှုဆိုင်ရာ နည်းလမ်းများ ပြဋ္ဌာန်းရခြင်း

၁၁-၁၀။ ပြစ်မှု၊ ပြစ်ဒဏ်

၁၂။ တရားရုံးဥပဒေအသစ်ပြဋ္ဌာန်းပြီးနောက် ပေါ်ပေါက်စေနိုင်သည့် ပြဿနာများ

၁၂-၁။ နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးရမည့်ကာလနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ဆုံးဖြတ်ချက်ချမှတ်ရမည့် အချိန်ကာလ ကိုက်ညီမှု မရှိခြင်း

၁၂-၂။ တရားရုံးက တင်သွင်းလာသည့်အမှုတွင် ဆောင်ရွက်ရမည့် နည်းလမ်းနှင့် ကာလအပိုင်း အခြားလုံလောက်မှုမရှိခြင်း

၁၂-၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဖွဲ့စည်းပုံကို ချဲ့ထွင်ရန်လိုအပ်ခြင်း

၁၂-၄။ နိုင်ငံသားများ၏ တင်သွင်းမှုများပြားလာသည့်အခါ ပဏာမစိစစ်ရန် လုပ်ထုံးလုပ်နည်းများ လိုအပ်ခြင်း

၁၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှုတိုးတက်လာစေရေးအတွက်လိုအပ်ချက်များ

၁၄။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တိုင်လျှောက်ချက် စတင်တင်သွင်းသည့် အဆင့်တွင် ထည့်သွင်းစဉ်းစားသင့်သော အချက်များ

၁၅။ သုံးသပ်ချက်

နိဂုံး

# ဥဇဘက်ကစ္စတန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေသစ်

# နှင့်

# ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံး၏ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရာ၌ တွေ့ကြုံရသည့်အချို့ပြဿနာများ

## နိဒါန်း

ဥဇဘက်ကစ္စတန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေသစ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရာ၌ တွေ့ကြုံရသည့်ပြဿနာများအား လေ့လာဆန်းစစ်တင်ပြခြင်းမပြုမီ ပထမပိုင်းအနေဖြင့် ဥဇဘက်ကစ္စတန်နိုင်ငံ၏ ပထဝီအနေအထား၊ သမိုင်းကြောင်း၊ လူဦးရေ၊ နေထိုင်သည့်လူမျိုးစုများ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အစရှိသည်တို့ကို အကျဉ်းအားဖြင့် တင်ပြသွားမည် ဖြစ်ပါသည်။ ထို့နောက် ဒုတိယပိုင်းအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သော ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥပဒေသစ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရာ၌ တွေ့ကြုံရသည့်အချို့ပြဿနာများနှင့်ပတ်သက်၍ ဆန်းစစ်လေ့လာချက်များကို မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်အချို့နှင့် ဆီလျော်သလို နှိုင်းယှဉ်လေ့လာ တင်ပြသွားမည်ဖြစ်ပါသည်။ ဥဇဘက်ကစ္စတန်နိုင်ငံနှင့် ပတ်သက်၍ ဤခုံရုံးကထုတ်ဝေသော ကမ္ဘာ့နိုင်ငံများ၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများအတွဲ (၃) နှင့် ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန် အတွဲ (၃) တို့တွင် ထည့်သွင်းဖော်ပြထားပြီးဖြစ်ပါသည်။

## ၁။ ပထဝီအနေအထား

ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံသည် အာရှတိုက်အလယ်ပိုင်းတွင်ရှိပြီး နှစ်ထပ်ကုန်းတွင်းပိတ်နိုင်ငံ တစ်နိုင်ငံဖြစ်သည်။ ဆိုလိုသည်မှာ ဥဇဘက်နိုင်ငံအား ဝန်းရံထားသော အိမ်နီးချင်း နိုင်ငံများ အားလုံးသည်လည်း ကုန်းတွင်းပိတ်နိုင်ငံများ ဖြစ်သည့်အတွက် နှစ်ထပ်ကုန်းတွင်းပိတ် နိုင်ငံဟုဆိုလိုခြင်းဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် နှစ်ထပ်ကုန်းတွင်းပိတ်နိုင်ငံ (၂) နိုင်ငံသာရှိပြီး အခြားနိုင်ငံမှာ လင့်ချက်စ်တိုင် (liechtenstein) နိုင်ငံဖြစ်သည်။ (စကားချပ် ။ လင့်ချက်စ်တိုင်နိုင်ငံမှာ ဥရောပတွင် အသေးဆုံး ၄ နိုင်ငံမြောက်ဖြစ်၍ အိမ်နီးချင်းနိုင်ငံမှာ ဩစတြီးယားနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့သာဖြစ်ပါသည်။ )




ဥဇဘက်ကစ္စတန်နိုင်ငံကိုကုန်းတွင်းပိတ် (၅) နိုင်ငံက ဝန်းရံလျက်ရှိပြီး ပူပြင်းခြောက်သွေ့သော ရာသီဥတုရှိသည်။ မြောက်ဘက်တွင် ကာဇက်စတန်နိုင်ငံ၊ အရှေ့မြောက်ဘက်တွင် ကာဂျစ်စတန်နိုင်ငံ၊ အရှေ့တောင်ဘက်တွင် တာဂျစ်ကစ္စတန်နိုင်ငံ၊ တောင်ဘက်တွင် အာဖဂန်နစ္စတန်နိုင်ငံနှင့် အနောက်တောင်ဘက်တွင် တာ့ခ်မင်နစ္စတန်နိုင်ငံတို့ဖြစ်သည်။ ကမ္ဘာတွင် (၅၆) ခု မြောက် အကြီးဆုံးနိုင်ငံဖြစ်ပြီး CIS (The Common Wealth of Independent States) နိုင်ငံများ အနက် (၄) ခု မြောက် အကြီးဆုံးနိုင်ငံလည်း ဖြစ်သည်။ ဥဇဘက်ကစ္စတန် သမ္မတနိုင်ငံသည် တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးသော နိုင်ငံဖြစ်ပြီး ဥဇဘက်ကစ္စတန်နိုင်ငံကို ဒေသ (၁၂) ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၁) ခု၊ မြို့တော်- City Region (၁) ခု ဖြင့် ဖွဲ့စည်းထားပါသည်။ နိုင်ငံတွင် အကြီးဆုံးမြို့ဖြစ်သော တပ်ရှ်ခန့်မြို့သည် ဥဇဘက်ကစ္စတန်နိုင်ငံ၏ မြို့တော်ဖြစ်၍ အခြားထင်ရှားသော မြို့များမှာ ဗူခါးရာမြို့ (Bukhara)၊ ခိုခန်းမြို့ (Kokand) နှင့် ဆမာခန်း (Samarkand) မြို့များဖြစ်သည်။ ဆမာခန်းမြို့သည် ၁၉၃၀ ပြည့်နှစ်အထိ ဥဇဘက်ကစ္စတန် နိုင်ငံ၏ မြို့တော် ဖြစ်ခဲ့သည်။

ဥဇဘက်ကစ္စတန်နိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၁၇၃,၅၄၆ ရှိပြီး မြန်မာနိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၂၆၁,၂၂၈ ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ ၃ ပုံ ၂ ပုံ ခန့်သာ ရှိပါသည်။

၂၀၂၂ ခုနှစ်တွင် ရရှိသောအချက်အလက်များအရ လူဦးရေ ၃၅ သန်းကျော်ရှိပြီး မြန်မာနိုင်ငံ၏ လူဦးရေမှာ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် ရရှိသောစာရင်းအရ ၅၅ သန်းကျော် ဖြစ်သဖြင့် မြန်မာနိုင်ငံ လူဦးရေနှင့် နှိုင်းယှဉ်လျှင် ၅ ပုံ ၃ ပုံကျော်ခန့်သာ ရှိသည်ကိုတွေ့ရှိရပါသည်။ ၁၉ ရာစုနှစ်တွင် ရုရှားတို့ ဝင်ရောက်မလာမီက ဥဇဘက်လူမျိုးတို့သည် အာရှတိုက်အလယ်ပိုင်းဒေသ၌

ကြီးစိုးခဲ့သည်။ ဥဇဘက်လူမျိုးသည် တူကီယဲတို့၏ အဆက်အနွယ်ဖြစ်၍ အစ္စလာမ် ကိုးကွယ်သူ ၈၆.၂ % ရှိသည်။ ခရစ်ယာန် ၂.၂ % နှင့် အခြား ၁.၆ % ကိုးကွယ်ကြပြီး အစ္စလာမ်အများစုမှာ ဆွန်နီ မူဆလင်များဖြစ်ကြပါသည်။ အခြားလူမျိုးစုများမှာ တာဂျစ် ၄.၈ %၊ ကာဇက် ၂.၄ %၊ ကာရာကယ် ပါ့ခ် ၂.၂ %၊ ရုရှား ၂.၁ %၊ အခြား ၄.၀ % တို့ဖြစ်ကြသည်။

ရုံးသုံးဘာသာစကားမှာ ဥဇဘက်ဘာသာစကားဖြစ်ပြီး ရုရှားနှင့်ကာဂျစ်ဘာသာ စကားကို လည်း အသိအမှတ်ပြုထားပါသည်။ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏ ငွေကြေးမှာ Soum ဖြစ် သည်။ အမေရိကန် ၁ ဒေါ်လာလျှင် မြန်မာကျပ်ငွေမှာ ၂၁၀၀ ဖြစ်သည့်အချိန်၌ ဥဇဘက်ငွေ ၁၁၂၂၅.၄၂ ဖြစ်သဖြင့် မြန်မာနိုင်ငံထက် ငွေလဲလှယ်နှုန်း ၅ ဆကျော်ပို၍ များပြားသည်ကို တွေ့ရှိရ ပါသည်။

## ၂။ နိုင်ငံ၏ စီးပွားရေး

ဥဇဘက်ကစ္စတန်နိုင်ငံအတွင်း၌ မြေသြဇာထက်သန်သော ဖားဂါးနားချိုင့်ဝှမ်း တည်ရှိ သည်။ ထိုဒေသတွင် ဆားဒါယာမြစ်မှ ရေးသွင်း၍ ဝါ၊ သစ်သီးနှင့် ဆန်စပါးတို့ကို အကြီးအကျယ် စိုက်ပျိုးသည်။ ဥဇဘက်ကစ္စတန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဝါဂွမ်းကို ဦးဆောင်ထုတ်လုပ်သည့် နိုင်ငံများအနက် တစ်နိုင်ငံ ဖြစ်သည်။ ယခင်ဆိုဗီယက်ပြည်ထောင်စုတွင် ပါဝင်စဉ်က ဝါအများဆုံး ထွက်သော နိုင်ငံဖြစ်ပြီး ဆိုဗီယက်ပြည်ထောင်စုထွက် ဝါ ၆၀% ကို ဥဇဘက်ကစ္စတန်နိုင်ငံမှ ရရှိသည်။ သစ်သီးခြံများနှင့် စပျစ်ခြံများကြောင့် လူသိများပြီး နိုင်ငံ၏အနောက်ပိုင်းတွင် မြင်း၊ သိုး စသော တိရိစ္ဆာန်များကိုမွေးမြူကြသည်။ ကာရာကယ်လ်(karakul) သိုးများအကြီးအကျယ် မွေးမြူ သော နိုင်ငံဖြစ်သည်။ ဥဇဘက်ကစ္စတန်နိုင်ငံသည် တွင်းထွက်ပစ္စည်းကြွယ်ဝသော နိုင်ငံလည်းဖြစ် သည်။ သတ္တုတွင်းနှင့် ရေနံသဘာဝဓာတ်ငွေ့ အတော်အတန် များပြားသည်။ ရွှေကိုလည်း နှစ်စဉ် တန် ၈၀ ဝန်းကျင် ထုတ်လုပ်ပြီး အာရှတိုက်အလယ်ပိုင်းတွင် စက်မှုလုပ်ငန်း အတိုးတက်ဆုံး နိုင်ငံ ဖြစ်သည်။ နိုင်ငံအတွင်း ၎င်း၏ သဘာဝဓာတ်ငွေ့ ပမာဏကိုများစွာ သုံးစွဲပြီး ဓာတ်ငွေ့ ပိုက်လိုင်း များသည် ဘူခါရာမှ ရုရှားနိုင်ငံရှိ ယူရယ်ဒေသသို့လည်း ဆက်သွယ်ထားသည်။ ဆီးဒါရာ (Syr Darya)၊ နာ့ရမ်(Naryn)၊ ချေးလ်ချိတ်ခ် (Chirchiq) မြစ်များပေါ်ရှိ ရေအားလျှပ်စစ်၊ ရေကာတာများ က နိုင်ငံ၏ ချူကလီးယား၊ ကျောက်မီးသွေး၊ ရေနံစွမ်းအင် ထုတ်လုပ်မှုများကို တိုးမြှင့်ပေးသည်။ သို့ရာတွင် မြစ်များယိုယွင်းပျက်စီးခြင်းကြောင့် ဆည်မြောင်းအသစ်များ တည်ဆောက်ခြင်းကို တားမြစ်ကန့်သတ်ထားသည်။

## ၃။ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏ သမိုင်းကြောင်းအကျဉ်း

ကမ္ဘာပေါ်တွင် နိုင်ငံထူထောင်သူများသမိုင်း၌ ရှေးအကျဆုံးစာရင်းတွင် ပါဝင်ပြီး ၎င်းတို့နိုင်ငံထူထောင်ခဲ့သည့် သက်တမ်းသည် နှစ်ပေါင်း ၃၀၀၀ ကျော်ကြာပြီဖြစ်သည်။ ၈ ရာစု နှင့် ၉ ရာစုနှစ်များတွင် ဥဇဘက်ကစ္စတန်နယ်မြေကို အာရပ်တို့က တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ၁၉ ရာစုနှစ်အလယ်ပိုင်းတွင် ဗဟိုအာရှဒေသအား ရုရှားအင်ပါယာက တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီးနောက် ၁၉၂၅ ခုနှစ်၊ မေလတွင် ဆိုဗီယက်ပြည်ထောင်စုထဲ၌ သမ္မတနိုင်ငံတစ်ခုအဖြစ် ပါဝင်ခဲ့သည်။ ၁၉၉၁ ခုနှစ်အထိ ဥဇဘက်ကစ္စတန်နိုင်ငံသည် ရုရှားအင်ပါယာနှင့် ဆိုဗီယက်ပြည်ထောင်စု၏ အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့သည်။ ၁၉၉၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် အစ္စလာမ်ကာရီမော့ဗ် (Islam karimov) ၏ ဦးဆောင်မှုဖြင့် လွတ်လပ်ရေးရရှိခဲ့သည်။

## ၄။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကာရာကယ်လ်ပါ့ခ်စတန်

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကာရာကယ်လ်ပါ့ခ်စတန်ဒေသနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်း(၁၇) ၌ သီးခြားပြဋ္ဌာန်းဖော်ပြထားပြီး ခေါင်းစဉ်ကိုပင် Republic of Karakalpakstan ဟု အမည်တပ်ထားကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၇၀ ၌ ကာရာကယ်လ်ပါ့ခ်စတန်ဒေသသည် ဥဇဘက်ကစ္စတန်နိုင်ငံ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ယင်းဒေသ၏အချုပ်အခြာအာဏာကို ဥဇဘက်ကစ္စတန်နိုင်ငံက ကာကွယ်စောင့်ရှောက်ပေးသည်ဟု ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရသည်။ ယင်းဒေသနှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အပိုဒ် ၇၀ မှ ၇၅ အထိ ပြဋ္ဌာန်းထားရှိပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ အပိုဒ် ၇၁ အရ ထိုဒေသသည် ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေ ရှိကြောင်း တွေ့ရှိရသည်။ သို့ရာတွင် ဥဇဘက်ကစ္စတန်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီသာ ဖြစ်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ဥဇဘက်ကစ္စတန်နိုင်ငံ၏ ဥပဒေများသည်လည်း ကာရာကယ်လ်ပါ့ခ်စတန်ဒေသတွင် အာဏာသက်ရောက်မှုရှိကြောင်း အပိုဒ် ၇၂ တွင် ဖော်ပြထားသည်။ အပိုဒ် ၇၃ အရ ထိုဒေသ၏ သဘောဆန္ဒမပါရှိဘဲ ၎င်းတို့၏ ပိုင်နက်နယ်မြေနှင့် နယ်နိမိတ်တို့ကို ပြောင်းလဲခြင်း မပြုနိုင်ပါ။ အပိုဒ် ၇၄ အရ ကာရာကယ်လ်ပါ့ခ်စတန်ဒေသတွင် နေထိုင်သော ပြည်သူများ၏ ဆန္ဒအရ ကျင်းပသည့် ဒေသလုံးဆိုင်ရာ ပြည်သူ့ဆန္ဒခံယူပွဲကိုအခြေပြုပြီး ဥဇဘက်ကစ္စတန်နိုင်ငံတော်မှ ခွဲထွက်နိုင်သည့် အခွင့်အရေးရှိကြောင်း တွေ့ရှိရသည်။ နိုင်ငံတော်နှင့် ကာရာကယ်လ်ပါ့ခ် စတန်ဒေသတို့၏ အပြန်အလှန်ဆက်နွယ်မှုအား ဥဇဘက်ကစ္စတန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ဘောင်အတွင်းမှ နှစ်ဘက်ညှိနှိုင်းထားသည့်စာချုပ်များနှင့် သဘောတူညီချက်များအရ ပြဋ္ဌာန်းသတ်မှတ်သည်။ နိုင်ငံတော်နှင့် ယင်းဒေသတို့အကြား ဖြစ်ပွားသည့်အငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်းသည့်နည်းလမ်းဖြင့် ဖြေရှင်းရမည်ဖြစ်သည်။ တရားစီရင်ရေးကဏ္ဍအနေဖြင့် ယင်းဒေသ၌ တရားလွှတ်တော်ချုပ်ဖွဲ့စည်းထားရှိ

သည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှု ဖြစ်ခဲ့ပါက ဥဇဘက်ကစ္စတန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ တင်သွင်းဆောင်ရွက်နိုင်သည်။

ကာရာကယ်လ်ပါ့ခ်စတန်ဒေသနှင့်ပတ်သက်၍ သမိုင်းဆိုင်ရာ ပထမဦးဆုံးအထောက်အထားများကို ၁၆ ရာစုအကုန်လောက်တွင်မှ စတင်တွေ့ရှိခဲ့ကြသည်။ ၁၈ ရာစုအတွင်း ၎င်းတို့သည် အာမူးဒါရာမြစ်ဝှမ်းဒေသ၌အခြေချခဲ့ပြီး ၁၈၇၃ ခုနှစ်တွင် ရုရှားအုပ်ချုပ်မှုအောက်သို့ တစ်စိတ်တစ်ပိုင်း ရောက်ရှိလာခဲ့သည်။ ၁၉၂၀ ခုနှစ်တွင် ဆိုဗီယက်ယူနီယံနှင့် ဒေသတစ်ခုလုံး ပူးပေါင်းခဲ့သည်။ ၁၉၂၅ ခုနှစ်တွင် ကာဇက်(ASSR-Autonomous Soviet Socialist Republic) ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ထူထောင်ခဲ့ပြီး ၁၉၃၀ ခုနှစ်တွင် ရုရှား (SFSR-Russian Soviet Federative Socialist Republic) ၏ စီမံအုပ်ချုပ်မှုအောက်သို့ ရောက်ရှိလာခဲ့သည်။ ၂ နှစ်ကြာပြီးနောက် ယင်းဒေသကို (Autonomous Republic)ဟု ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် ၎င်း၏ ကိုယ်ပိုင်သွင်ပြင်လက္ခဏာကို ပြန်လည်ရယူခဲ့ရာမှ ဥဇဘက်(USSR-Uzbek Soviet Socialist Republic) ၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် ဥဇဘက်ကစ္စတန်နိုင်ငံနှင့်အတူ လွတ်လပ်ရေးရရှိခဲ့သည်။ ဧရိယာအကျယ်အဝန်းမှာ ၁၆၅,၆၀၀ စတုရန်းကီလိုမီတာရှိပြီး ဥဇဘက်ကစ္စတန်နိုင်ငံသည် ၄၄၇,၄၀၀ စတုရန်းကီလိုမီတာရှိသဖြင့် ဥဇဘက်ကစ္စတန်နိုင်ငံ၏ ၃ ပုံ ၁ ပုံခန့် ကျယ်ဝန်းသည်။ ၎င်းဒေသသည် ဥဇဘက်ကစ္စတန်နိုင်ငံ၏ အနောက်ဘက်ပိုင်းတွင်ရှိပြီး ကာဇက်စတန်နိုင်ငံနှင့် ပို၍နီးကပ်သည်။ ပျမ်းမျှမိုးရေချိန် ၃-၄ လက်မသာရှိပြီး ဆောင်းနှင့်နွေသာ ရှိသည်။ ကျွဲ၊ နွားများနှင့် ကာရာကယ်လ်သိုးများ အဓိက မွေးမြူသည်။ လူဦးရေမှာ ၂၀၁၇ ခုနှစ်၊ စာရင်းအရ ၁,၈၁၇,၅၀၀ ရှိသည်။

## ၅။ နိုင်ငံဖွဲ့စည်းပုံ

ဥဇဘက်ကစ္စတန်နိုင်ငံသည် တစ်ပြည်ထောင်စနစ်သမ္မတနိုင်ငံဖြစ်ပြီး နိုင်ငံတော်သမ္မတသည် ဥဇဘက်ကစ္စတန်နိုင်ငံ၏ အကြီးအကဲတာဝန်နှင့် အစိုးရအဖွဲ့ အကြီးအကဲတာဝန် ၂ ရပ်စလုံးကို ထမ်းဆောင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၉၃(၂၀) အရ နိုင်ငံတော်သမ္မတသည် လက်နက်ကိုင်တပ်ဖွဲ့အားလုံး၏ အကြီးအကဲ (Supreme Commander- in – Chief) ဖြစ်သည်။ နိုင်ငံတွင် သမ္မတ၊ ဝန်ကြီးချုပ်၊ ဝန်ကြီးအဖွဲ့၊ လွှတ်တော် ၂ ရပ်နှင့် တရားစီရင်ရေးအဖွဲ့အစည်းများ ရှိသည်။

## ၆။ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် အဆင့်မြင့်ကောင်စီ (Supreme Council) (၁၂) ကြိမ်မြောက် ညီလာခံ၏ (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌

အတည်ပြုခဲ့သည်။ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ကမ္ဘာ့ကုလသမဂ္ဂ၏ စာတမ်းများ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ အပြည်ပြည်ဆိုင်ရာ ဥပဒေ စသည်တို့အပေါ် အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်သည်။ ဥဇဘက်ကစ္စတန်နိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းသည့် ဒီဇင်ဘာလ ၈ ရက်နေ့ကို ဖွဲ့စည်းပုံအခြေခံဥပဒေနေ့ (Constitution Day) ဟူ၍ အများပြည်သူရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားသည်။ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံသည် အင်ဒိုနီးရှား၊ ကိုရီးယား၊ မလေးရှား၊ မွန်ဂိုလီးယား၊ ထိုင်း၊ ဖိလစ်ပိုင်စသော နိုင်ငံများနှင့် အတူ ပူးတွဲ၍ “ Association of Asian Constitutional Courts and Equivalent Institutions (AACC)” ကို စတင်တည်ထောင်ခဲ့သောနိုင်ငံဖြစ်သည်။ ထို့ပြင် “World Conference on Constitutional Justice (WCCJ)” တွင်လည်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေကို စတင်ပြဋ္ဌာန်းသည့် ၁၉၉၂ ခုနှစ်မှ ယခု ၂၀၂၂ ခုနှစ်အထိ နှစ်ပေါင်း (၃၀) အတွင်း ၁၅ ကြိမ်ပြင်ဆင်ခဲ့ပြီးဖြစ်ပါသည်။ ၁၉၉၃ ခုနှစ်၊ ၂၀၀၃ ခုနှစ်၊ ၂၀၀၇ ခုနှစ်၊ ၂၀၀၈ ခုနှစ်၊ ၂၀၁၁ ခုနှစ်(ဧပြီ နှင့် ဒီဇင်ဘာ -၂ ကြိမ်)၊ ၂၀၁၄ ခုနှစ်၊ ၂၀၁၇ ခုနှစ် (ဧပြီ၊ မေ၊ ဩဂုတ် - ၃ ကြိမ်)၊ ၂၀၁၈ ခုနှစ်၊ ၂၀၁၉ ခုနှစ် (ဖေဖော်ဝါရီ၊ မတ်၊ စက်တင်ဘာ - ၃ ကြိမ်)၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတို့တွင် ပြင်ဆင်ခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့၌ နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မည့်မူကြမ်းကို နိုင်ငံတော်ပိုင်သတင်းစာတွင် အများပြည်သူ သိရှိနိုင်ရန်နှင့် အကြံဉာဏ်ပေးနိုင်ရန်အလို့ငှာ ထည့်သွင်းကြေညာထားကြောင်း တွေ့ရှိရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရာ၌ နည်းလမ်းနှစ်သွယ်ရှိပြီး လွှတ်တော်နှစ်ရပ်ရှိ ကိုယ်စားလှယ်စုစုပေါင်း၏ အနည်းဆုံး ၃ ပုံ ၂ ပုံက ထောက်ခံသည့်ဥပဒေနှင့်ဖြစ်စေ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ဖြစ်စေ ပြင်ဆင်နိုင်သည်။

## ၇။ ဥပဒေပြုရေး Oliy Majlis (State Representative body)

Oliy Majlis လွှတ်တော်သည် ဥပဒေပြုရေးတွင် အမြင့်ဆုံးဖြစ်သည်။ လွှတ်တော် ၂ ရပ်ပါရှိပြီး အထက်လွှတ်တော်(Senate) နှင့် အောက်လွှတ်တော် (Legislative Chamber) တို့ဖြစ်သည်။ သက်တမ်း ၅ နှစ်အသီးသီးဖြစ်ပြီး သက်တမ်းကုန်ဆုံးသော်လည်း နောက်ထပ်ဥပဒေပြုလွှတ်တော်အသစ် စတင်တာဝန်မထမ်းဆောင်သေးမီ အချိန်ကာလအထိ ဆက်လက်၍ တာဝန်များကို ထမ်းဆောင်ရမည်။ အထက်လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် ၁၀၀ ဦးဖြင့် ပါဝင်ဖွဲ့စည်းထားပြီး ယင်းတို့အနက် ၈၄ ဦးကို ပြည်သူများက ရွေးကောက်တင်မြှောက်သည်။ ကျန် ၁၆ ဦးကို နိုင်ငံတော်သမ္မတက ခန့်အပ်သည်။ အောက်လွှတ်တော်သည် ပါတီစုံစနစ်ကို အခြေခံ၍ နယ်မြေကိုယ်စားပြု ရွေးကောက်တင်မြှောက်သော လွှတ်တော်ဖြစ်ပြီး ကိုယ်စားလှယ် ၁၅၀ ဦး ပါဝင်သည်။

## ၈။ အုပ်ချုပ်ရေး

နိုင်ငံတော်သမ္မတအား ရွေးကောက်တင်မြှောက်ရာတွင် ဥဇဘက်ကစ္စတန်နိုင်ငံ၏ နိုင်ငံသားတစ်ဦးဖြစ်ပြီး အသက် ၃၅ နှစ် ပြည့်ပြီးသူ၊ နိုင်ငံဘာသာစကားကို ကျွမ်းကျင်စွာ ပြောဆိုနိုင်သူ၊ ဥဇဘက်ကစ္စတန်နိုင်ငံ၏ နယ်နိမိတ်အတွင်း အနည်းဆုံး ၁၀ နှစ် အတည်တကျ အခြေချနေထိုင်ခဲ့ဖူးသူ၊ ဥဇဘက်ကစ္စတန်နိုင်ငံ၏ ယခင်ရွေးကောက်ပွဲများတွင် ပါဝင်၍ ဆောင်ရွက်ခဲ့ဖူးသူ စသည့် အရည်အချင်းများနှင့် ပြည့်စုံပါက နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။ နိုင်ငံတော်သမ္မတအဖြစ် ၂ ကြိမ်ထက်ပို၍ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိပါ။ တိုက်ရိုက်လျှို့ဝှက် ဆန္ဒမဲပေးသောစနစ်ဖြင့် ကျင်းပသည့်ရွေးကောက်ပွဲများမှတစ်ဆင့် သမ္မတကို ၅ နှစ်သက်တမ်းအတွက် ရွေးကောက်တင်မြှောက်သည်။

## ၉။ တရားစီရင်ရေး

ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏ တရားစီရင်ရေးစနစ်တွင်-

- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊
- တရားလွှတ်တော်ချုပ်၊
- အဆင့်မြင့်စီးပွားရေးတရားရုံး၊
- ကာရာကယ်ပါ့ခ်စတန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ပြစ်မှု၊ တရားမဆိုင်ရာ တရားလွှတ်တော်ချုပ် နှင့် ယင်းဒေသ၏ စီးပွားရေးဆိုင်ရာ တရားရုံး၊
- ပြစ်မှု နှင့် တရားမဆိုင်ရာ ဒေသတရားရုံးများ၊
- ပြစ်မှု နှင့် တရားမဆိုင်ရာ Tashkent မြို့တော် တရားရုံးများ၊
- ပြစ်မှု နှင့် တရားမဆိုင်ရာ မြို့၊ ခရိုင် နှင့် စီရင်စုတရားရုံးများ၊
- စစ်ဘက်ဆိုင်ရာ တရားရုံးများနှင့်
- စီးပွားရေးဆိုင်ရာ တရားရုံးများဟူ၍ ပါဝင်ဖွဲ့စည်းထားသည်။ တရားရုံးအားလုံး၏ သက်တမ်းမှာ ၅ နှစ် ဖြစ်သည်။

## ၁၀။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

*ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးနှင့်ပတ်သက်၍ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်းတစ်ခန်းအနေဖြင့် သီးသန့် ပြဋ္ဌာန်းထားခြင်း မဟုတ်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၂၂ ၊ တရားစီရင်ရေးကဏ္ဍထဲတွင် ရောယှက်ဖော်ပြထားခြင်း ဖြစ်သည်။ ဤသည်မှာ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်း ၆ တရားစီရင်ရေး*

*ကဏ္ဍ၌ ထည့်သွင်းပြဋ္ဌာန်းထားရှိသကဲ့သို့ ဖြစ်သည်။ သို့ရာတွင် ဥဇဘက်ကစ္စတန်နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးနှင့်ပတ်သက်၍ မြန်မာနိုင်ငံကဲ့သို့ တရားစီရင်ရေးကဏ္ဍအောက်၌* ***"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး"*** *ဟူသော ခေါင်းစဉ် ခွဲမျိုးပင် မပါရှိဘဲ ဥဇဘက်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၀၈နှင့် ၁၀၉ တွင်သာ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးအတွက် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။*

## ၁၁။ အသစ်ပြဋ္ဌာန်းလိုက်သော ဥဇဘက်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥပဒေအရ ပြောင်းလဲလာသည့် အခြေအနေများ

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အဖြစ် ဥပဒေပြုသူများက ဥဇဘက်ကစ္စတန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံးဥပဒေအသစ်ကို ၂၀၂၁ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့၌ အထက်လွှတ်တော်က အတည်ပြုခဲ့ပြီး ဧပြီလ ၂၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ဥပဒေသစ်တွင် မြောက်မြားစွာသောပြဋ္ဌာန်းချက်အသစ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာထိန်းကျောင်းမှုလက်ရှိ အနေအထားကို အကောင်အထည်ဖော်ရန် လမ်းညွှန်ချက်များလည်း ပါဝင်ပါသည်။

### ၁၁-၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများအား ခန့်အပ်သည့်နည်းလမ်း

ဥပဒေအသစ်ပြဋ္ဌာန်းပြီးသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများအား ဥပဒေသစ်နှင့်အညီ နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်အပေါ် အထက်လွှတ်တော်က ကိုယ်စားလှယ်စုစုပေါင်း၏ များရာဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်မည်ဖြစ်သော်လည်း ထိုအဆိုပြုချက်မှာ အဆင့်မြင့်တရားစီရင်ရေးဆိုင်ရာကောင်စီက ထုတ်ပြန်သည့် ကာရာကယ်လ်ပါ့ခ်စတန်ဒေသမှ ကိုယ်စားလှယ်တစ်ဦးအပါအဝင် တရားသူကြီးများ၏ အမည်စာရင်းကို အခြေပြုထားသော အဆိုပြုချက်ဖြစ်သည်။ ထို့ကြောင့် အထက်လွှတ်တော် နှင့် နိုင်ငံတော်သမ္မတမှလွဲ၍ **အဆင့်မြင့်တရားစီရင်ရေးဆိုင်ရာကောင်စီ** သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတရားသူကြီးများကို ရွေးချယ်ခန့်ထားသည့်လုပ်ငန်းစဉ်၌ အသစ်ပါဝင်လာသောအခွင့်ရအာဏာပိုင် အဖွဲ့အစည်း ဖြစ်လာသည်။ ယခင်ကမူ တရားသူကြီးများအား အမည်စာရင်းတင်သွင်းရန် အခွင့်အာဏာကို နိုင်ငံတော်သမ္မတတစ်ဦးတည်းကသာလျှင် ပြိုင်ဘက်မရှိ ရရှိခဲ့သည်။

ယခုဥပဒေသစ်အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ အပါအဝင် ၉ ဦးရှိပြီး ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အစည်းအဝေးဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများက ရွေးကောက်တင်မြှောက်သည်။ ထိုအလေ့အထသည် တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ဆိုင်ရာ အခြေခံမှုကို အမှန်တကယ် တောင့်တင်းခိုင်မာစေပါသည်။

## ၁၁-၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများ၏ အရည်အချင်း

နိုင်ငံခြားတိုင်းပြည်များ၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ၏ အလေ့အထသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး တရားသူကြီးများနှင့်ပတ်သက်၍ လိုအပ်သည့်အရည်အချင်းများကို မြင့်မြင့်မားမား ပြဋ္ဌာန်းသတ်မှတ်ကြသည်။ ဤအချက်နှင့်ပတ်သက်၍ စဉ်းစားပါက ဥပဒေအသစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးလောင်းများ၏ အသက်အကန့်အသတ်ကို ၃၀ မှ ၃၅ နှစ်သို့ တိုးမြှင့်သတ်မှတ်ခဲ့သည်။ *ယခင်က အသက် ၃၀ နှစ်ပြည့်ပြီးသူဟု သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ သို့ရာတွင် နိုင်ငံတော်သမ္မတ၏ အသက်ကန့်သတ်ချက်ကို ၄၅ နှစ် သတ်မှတ်ထားသည့်အတွက် သမ္မတထက်ပင် အသက်အားဖြင့် ငယ်ရွယ်နေခြင်းမှာ ဆီလျော်မှုမရှိသဖြင့် ယခု ၃၅ နှစ်သို့ ပြင်ဆင်သတ်မှတ်ခြင်းက ပိုမိုသင့်တော်ကြောင်း တွေ့ရှိရပါသည်။*

အရည်အချင်းအနေဖြင့် နိုင်ငံရေးနှင့်ဥပဒေနယ်ပယ်တွင် အထူးနားလည်တတ်ကျွမ်းသူ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးအဖြစ် ရွေးကောက်ခံနိုင်ရန် လိုအပ်သော အရည်အချင်းများနှင့်ပြည့်စုံသူ၊ ကိုယ်ကျင့်သိက္ခာမြင့်မားသူ၊ အနည်းဆုံး အသက် ၃၅ နှစ်ရှိသူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများအဖြစ် ရွေးကောက်ခံပိုင်ခွင့်ရှိကြောင်း တွေ့ရှိရသည်။

"အထက်ပါပြဋ္ဌာန်းချက်အရဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားသူကြီးတစ်ဦးဖြစ်လာရန်အတွက် ဥပဒေဘွဲ့ရရှိရန်မလိုအပ်တော့ဟု ဆိုလိုရာရောက်နေပြီဖြစ်သည်။ အခြားတစ်ဖက်တွင်လည်း ဥပဒေပြုသူများက တရားသူကြီးကို နိုင်ငံရေးကျွမ်းကျင်သူများထဲမှ ရွေးကောက်တင်မြှောက်သည့်အဖြစ်မျိုး မရှိခဲ့ကြောင်းတွေ့ရှိရသည်။ နိုင်ငံခြားတိုင်းပြည်များတွင် ထိုသို့သောဖြစ်စဉ်မျိုးမရှိကြောင်း ယင်းတို့ဆောင်ရွက်သည့် အစဉ်အလာ အလေ့အထများကို လေ့လာကြည့်က သိရှိနိုင်ပါသည်။ ဥပမာအားဖြင့် ဂျာမဏီနိုင်ငံတွင် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဥပဒေကျွမ်းကျင်သူများချည်းသာ ဖွဲ့စည်းထားသော တရားရုံးတစ်ရုံးဖြစ်သည်။ ချက်သမ္မတနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများအား မြင့်မားသော ဥပဒေဘွဲ့ရရှိသူ၊ သက်ဆိုင်ရာ ဥပဒေကိုကျွမ်းကျင်ပြီး ထိုနယ်ပယ်တွင် အနည်းဆုံး ၁၀ နှစ် အတွေ့အကြုံရှိသူ နိုင်ငံသားများအနက်မှ ရွေးချယ်ခန့်အပ်သည်။ ကိုရီးယားနိုင်ငံ၊ စပိန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဆာဗီးယားနိုင်ငံနှင့် ခရိုအေးရှားနိုင်ငံတို့တွင် ဥပဒေပညာအရည်အချင်းသည် တရားစီရင်ရေးဆိုင်ရာ ရာထူးအဆင့်တစ်ခုရရှိရေးအတွက် မရှိမဖြစ်အရည်အချင်းဖြစ်သည်" ဟု ဥဇဘက်ကစ္စတန်နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဒုတိယဥက္ကဋ္ဌက ထောက်ပြထားကြောင်း လေ့လာတင်ပြအပ်ပါသည်။

ဥဇဘက်ကစ္စတန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးသည် နှစ်ကြိမ်ထက်ပို၍ ရွေးကောက်ခံပိုင်ခွင့်မရှိ၊ အသက် ၇၀ အထိ လုပ်ကိုင်နိုင်သည်။ *မြန်မာနိုင်ငံတွင်မူ ခုံရုံးအဖွဲ့ဝင်များအနေဖြင့် အသက်အပိုင်းအခြား မည်မျှအထိ တာဝန်ထမ်းဆောင်နိုင်ကြောင်း ဖော်ပြထားခြင်း မရှိပါ။*

**၁၁-၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏လုပ်ငန်းတာဝန်များ**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေအသစ်၏အပိုဒ် ၄ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် အောက်ပါကိစ္စရပ်များကို စိစစ်ဆုံးဖြတ်ခွင့်ရှိသည်-

၁။ ဥပဒေပြုလွှတ်တော်များက ပြဋ္ဌာန်းသောဥပဒေများနှင့် ဆုံးဖြတ်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိမရှိ၊

၂။ နိုင်ငံတော်သမ္မတ၏ အမိန့်များ၊ ဆုံးဖြတ်ချက်များနှင့် ညွှန်ကြားချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိမရှိ၊

၃။ အစိုးရ၏စည်းမျဉ်းစည်းကမ်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိမရှိ၊

၄။ ဒေသန္တရဆိုင်ရာပြည်နယ်အာဏာပိုင်များ၏ ဆုံးဖြတ်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ၊

၅။ ပြည်နယ်အချင်းချင်းချုပ်ဆိုသော သဘောတူစာချုပ်များ၏ တာဝန်ဝတ္တရားများနှင့် အခြားတာဝန်ဝတ္တရားများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ၊

၆။ နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးခြင်းမပြုမီ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းသောဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာစာချုပ်များကို အတည်ပြုပြဋ္ဌာန်းခြင်းနှင့် စပ်လျဉ်းသည့် ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ၊

၇။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊

၈။ တရားစီရင်မှုတွင်ကျင့်သုံးသည့် ဥပဒေရေးရာစံအဖြစ်လိုက်နာရမည့် ထုတ်ပြန်ချက်များအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိမရှိ တရားရုံးများက အစပြုတင်သွင်းသော တရားလွှတ်တော်ချုပ်၏ အယူခံမှုကို စဉ်းစားသုံးသပ်ခြင်း၊

၉။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီသော ဥပဒေတစ်ရပ်ဖြင့် ကျင့်သုံးဆောင်ရွက်ခဲ့သည့် အမှုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများနှင့် လွတ်လပ်ခွင့် များကို ထိုဥပဒေအရ ချိုးဖောက်ခံရသည်ဟု ထင်မြင်သော နိုင်ငံသားများနှင့် ဥပဒေအရ အခွင့်အရေးရှိသူများ၏ တိုင်လျှောက်ချက်များကို စဉ်းစားသုံးသပ်ခြင်း၊

၁၀။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများအရ ၎င်း၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်သော အခြားအမှုများကို စဉ်းစားသုံးသပ်ခြင်းတို့ ဖြစ်သည်။

အောက်တရားရုံးများ၌ ကျင့်သုံးသည့် ဥပဒေရေးရာစံအဖြစ် လိုက်နာရမည့် ထုတ်ပြန်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း မရှိဟူသော ပြဿနာပေါ်ပေါက်သည့်အခါ ယခင်က အဆိုပါကိစ္စရပ်မျိုးကို စိစစ်ဆုံးဖြတ်ခွင့်သည် တရားလွှတ်တော်ချုပ် တရားသူကြီးထံတွင်သာရှိပြီး ယခုအခါ တရားလွှတ်တော်ချုပ်က ထိုပြဿနာကို တင်သွင်းလာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက အဆုံးအဖြတ် ပေးရသည်။

သို့ဖြစ်ရာဥပဒေသစ်အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆောင်ရွက်ချက်များကို သုံးသပ်ကြည့်မည်ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ယခင်က **နောက်ဆက်တွဲကြီးကြပ်မှု (subsequent control: ex - post)** များကို အကောင်အထည်ဖော်ခြင်းအားဖောင်းပေးသည့် အဖွဲ့အစည်း ဖြစ်ကြောင်းတွေ့ရှိရပြီး ယခုဥပဒေအသစ် ပြဋ္ဌာန်းလိုက်သည့်အတွက် တစ်ပြိုင်နက်ထဲတွင် **ကြိုတင်ကြီးကြပ်မှု (preventive control: ex – ante)** ကိုပါ တစ်စိတ်တစ်ပိုင်း စတင်ဆောင်ရွက်စေသည်ကို တွေ့ရှိရပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေအသစ် အပိုဒ် ၅ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဥပဒေများကိုစတင်တင်သွင်းခွင့်ရှိသည်။ ဥပဒေတင်သွင်းခွင့်အာဏာကိုကျင့်သုံးရာ၌ ဥပဒေမူကြမ်းများကိုအောက်လွှတ်တော်သို့ စတင်တင်သွင်းသည့်နည်းလမ်းဖြင့် ကျင့်သုံးသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် လွှတ်တော်၌ ၎င်းတင်သွင်းလိုက်သည့် ဥပဒေကြမ်းအား ဆွေးနွေးဆုံးဖြတ်ရာတွင် ပါဝင်ဆောင်ရွက်ရန် ကိုယ်စားလှယ်ခန့်အပ်ခွင့်လည်းရှိသည်။

## ၁၁-၄။ အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် လမ်းညွှန်ချက်

ဥဇဘက်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာ၌ လိုက်နာရမည့်အချက်များကို နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၆ တွင် ဖော်ပြထားပါသည်။ ယင်းပြဋ္ဌာန်းချက်မှာ "လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်ကိုမျှ နိုင်ငံ၏အခွင့်အရေးများနှင့် အကျိုးစီးပွားကိုထိခိုက်စေမည့် နည်းလမ်းဖြင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းမပြုရ" ဟူ၍ ဖြစ်ပါသည်။ မြန်မာနိုင်ငံဖွဲ့စည်းပုံခုံရုံး၏ အနက် အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လိုက်နာရမည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်မှာမူ "နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်

ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်” ဟု ပုဒ်မ ၄၈ တွင် ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်ဖြစ်ပါသည်။ *သို့ဖြစ်ရာ အနက်ဖွင့်ဆိုရာ၌ ဥဇဘက်နိုင်ငံ၏ လမ်းညွှန်ချက်က ပို၍ထိမိပြတ်သားသည်ကို လေ့လာတင်ပြအပ်ပါသည်။*

**၁၁-၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ တင်သွင်းခွင့်ရှိသူများ**

ဥဇဘက်ကစ္စတန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ တင်သွင်းနိုင်ခွင့် ရှိသူများကို ဥပဒေအသစ်အရ ထပ်မံချဲ့ထွင်ပြဋ္ဌာန်းခဲ့ရာ ယခုအခါ ကက်ဘိနက်နှင့် Ombudsman တို့ ပါဝင်လာပြီဖြစ်သည်။ သို့အတွက် ယခုအခါတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခွင့်ရှိသူ အမျိုးအစား ၁၁ ဦးအထိ ရှိလာပြီ ဖြစ်သည်။ ယင်းတို့မှာ -

၁။ Legislative Chamber (အောက်လွှတ်တော် ဥက္ကဋ္ဌ)၊
၂။ Senate (အထက်လွှတ်တော် ဥက္ကဋ္ဌ)၊
၃။ နိုင်ငံတော်သမ္မတ၊
၄။ ကက်ဘိနက်ဝန်ကြီးများ၊
၅။ Ombudsman (Oliy Majlis ၏လူ့အခွင့်အရေးကော်မရှင်နာမင်းကြီး)၊
၆။ ကာရာကယ်လ်ပတ်ခ်စတန်၏ အမြင့်ဆုံးပြည်နယ်ဥပဒေပြုအဖွဲ့အစည်း၊
၇။ အောက်လွှတ်တော်အဖွဲ့ဝင်စုစုပေါင်း၏ ၄ ပုံ ၁ ပုံ၊
၈။ အထက်လွှတ်တော်အဖွဲ့ဝင်စုစုပေါင်း၏ ၄ ပုံ ၁ ပုံ၊
၉။ တရားလွှတ်တော်ချုပ်၊
၁၀။ ရှေ့နေချုပ်၊
၁၁။ စွန့်ဦးစီးပွားရေးစွမ်းဆောင်ရှင်များ၏ အခွင့်အရေးများနှင့် တရားဝင်အကျိုးစီးပွားများကို အကာအကွယ်ပေးသည့် စီးပွားရေးဆိုင်ရာအထူးတာဝန်ပေးအပ်ခြင်းခံရသူ ( စီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ)၊

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက စဉ်းစားသုံးသပ်ရန် ပြဿနာတစ်ရပ်အား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတရားသူကြီး အနည်းဆုံး (၃) ဦး ကစတင်တင်သွင်းနိုင်ကြောင်းလည်း တွေ့ရှိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ တင်သွင်းနိုင်သူများအား ထိုသို့ ချဲ့ထွင်ပေးလိုက်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးကို ချဲ့ထွင်ရန်ရည်ရွယ်သည့် အပြုသဘောဆောင်သည့် စံသတ်မှတ်ချက်တစ်ခုဖြစ်သည်မှာ သံသယဖြစ်ရန် မရှိပါ။

ဥဇဘက်ကစ္စတန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၄၄ တွင် "မည်သူမဆို ၎င်း၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ဥပဒေနှင့်အညီ ခုခံကာကွယ်ပိုင်ခွင့် ရှိသည်။ နိုင်ငံတော်အဖွဲ့အစည်းများ၊ အစိုးရဌာနများနှင့် အများပြည်သူဆိုင်ရာ အသင်းအဖွဲ့များ၏ ဥပဒေနှင့်ဆန့်ကျင်သော ဆောင်ရွက်ချက် တစ်ရပ်ရပ်ကို အယူခံတက်ရောက်နိုင်ခွင့် ရှိစေရမည်" ဟု ပြဋ္ဌာန်းထားသည်။ *ထို့ကြောင့် ယခုတရားရုံး ဥပဒေသစ်တွင် နိုင်ငံသားများအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခွင့်ကို တိုးချဲ့ခွင့်ပြုပေးခြင်းမှာ ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၄၄ နှင့်အညီသာဖြစ်သည်ကို လေ့လာတင်ပြအပ်ပါသည်။*

တဖန်ဥဇဘက်ကစ္စတန်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေအသစ် အပိုဒ် ၈ ၏ ဒုတိယပိုင်းအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကတောင်းဆိုသော လိုအပ်ချက်များကိုပေးပို့ရန် အကြောင်းကြားခံရလျှင် ထိုသူသည်လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည် ဟုလည်း ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါသည်။

**၁၁-ဖ။ အပြီးသတ်ဆုံးဖြတ်ချက်များအား မှီငြမ်းကိုးကားစေခြင်း**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး ဥပဒေအသစ်၏အပိုဒ် ၆၇ တွင်ပြဋ္ဌာန်းထားသည်နှင့်အညီ ဥပဒေရေးရာစံအဖြစ်လိုက်နာရမည့်ထုတ်ပြန်ချက်များ၊ ပြည်နယ်အချင်းချင်းသဘောတူစာချုပ် နှင့် နိုင်ငံတော်ကပေးအပ်သော အခြားလုပ်ငန်းတာဝန်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြား ဥပဒေများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် စံသတ်မှတ်ချက်များနှင့် စပ်လျဉ်းပြီး စစ်ဆေးဆောင်ရွက်သည့်အမှုများတွင် ဆုံးဖြတ်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အပြီးသတ်ဆုံးဖြတ်ချက်များအား တရားဝင်ဆုံးဖြတ်ချက်များအဖြစ် မှီငြမ်းကိုးကားရမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် ၎င်းတို့၏ဆုံးဖြတ်ချက်များကို ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏အမည်ဖြင့် ချမှတ်ရသည်။ *ဤသည်မှာ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ သည် ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို နိုင်ငံတော်အတွက် စွမ်းဆောင်ပေးရသည့် ရုံးအနေဖြင့် ဆောင်ရွက်စေလိုသည့်အတွက် ဥပဒေပြဋ္ဌာန်းချက်ထဲ၌ပင် နိုင်ငံတော်၏အမည်ဖြင့် ဆုံးဖြတ်ချက်ချမှတ်ရန် ထည့်သွင်းသတ်မှတ်ဖော်ပြထားပြီး ဥပဒေနှင့်အညီ ထိုသို့အာဏာ အပ်နှင်းထားခြင်းဖြစ်ဟု တင်ပြအပ်ပါသည်။*

စည်းမျဉ်းစည်းကမ်းဆိုင်ရာ ဆောင်ရွက်ချက် သို့မဟုတ် ဆောင်ရွက်ချက်၏ တစ်စိတ်တစ်ပိုင်းအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီဟု ဆုံးဖြတ်ခဲ့လျှင် ထိုသို့ကျင့်သုံး၍ လုပ်ဆောင်နေသော ကိစ္စအားလုံးကို ရပ်ဆိုင်းရမည်ဖြစ်သည်။

## ၁၁-၇။ ဆုံးဖြတ်ချက်အာဏာသက်ရောက်သည့် ကာလနှင့် လိုက်နာဆောင်ရွက်ရမည့် ကာလ အပိုင်းအခြား

ဥပဒေသစ်အပိုဒ် ၇၃ နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သည် အပြီးသတ်ဖြစ်ပြီး အယူခံဝင်ခွင့်မရှိပါ။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက မှတ်ချက်ပြုထားသော ဆောင်ရွက်ချက်ကို ချမှတ်ခဲ့သည့် ပြည်သူ့အာဏာပိုင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ဆုံးဖြတ်ချက် အာဏာသက်ရောက်သည့်နေ့မှစ၍ တစ်လထက်နောက်မကျစေဘဲ ယင်း၏ဆောင်ရွက်ချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်အောင် ဆောင်ရွက်ရမည် ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များသည် ယင်းတို့အား တရားဝင် ထုတ်ပြန်ကျေညာသည့်နေ့မှစ၍ အာဏာသက်ရောက်သည်။

ထို့အတူဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု မရှိကြောင်း မှတ်ချက်ပြုထားသည့် စည်းမျဉ်းစည်းကမ်းကို အခြေခံ၍ဆောင်ရွက်ခဲ့သော နိုင်ငံတော်အဖွဲ့အစည်းများသည်လည်း ၎င်းတို့၏ဆောင်ရွက်ချက်များအား တစ်လအတွင်း ပြန်လည်သုံးသပ်မှုပြုရမည်ဖြစ်သည်။

## ၁၁-၈။ ဆုံးဖြတ်ချက်အားပေးပို့ခြင်း

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်ကို နိုင်ငံတော်အဖွဲ့အစည်းများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ဆောင်ရွက်ခဲ့သည်ဟု ချမှတ်ဆုံးဖြတ်ခြင်းခံရသော ဌာနဆိုင်ရာအရာရှိများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာမှုခင်းဆောင်ရွက်ချက်တွင် ပါဝင်သည့် အခြားပုဂ္ဂိုလ်များအပါအဝင် အမှုသည်များထံ ဥပဒေနှင့်အညီ ပေးပို့ရပါသည်။ ယခင်ဥပဒေအဟောင်းအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီး အနည်းဆုံး ၄ ပုံ ၁ ပုံ ဖြင့်ဆုံးဖြတ်ချက်ချမှတ်သည်။

## ၁၁-၉။ တာဝန်ရှိမှုဆိုင်ရာ နည်းလမ်းများ ပြဋ္ဌာန်းရခြင်း

ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏ ဥပဒေပြုအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်အပါအဝင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမပြုသည့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအတွက် တာဝန်ရှိမှုဆိုင်ရာနည်းလမ်းများကို ပြဋ္ဌာန်းရမည်။

## ၁၁-၁၀။ ပြစ်မှု၊ ပြစ်ဒဏ်

စီမံခန့်ခွဲရေးဆိုင်ရာတာဝန်ရှိမှုလက်စွဲ အပိုဒ် ၁၉၈-၂ နှင့်အညီ တရားစီရင်ရေးဆိုင်ရာအရေးယူဆောင်ရွက်မှုအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဥပဒေကို ချိုးဖောက်ခြင်း

အတွက် ဌာနဆိုင်ရာအရာရှိများသည် အခြေခံအားဖြင့် ၁၀ ဆိုရမ် မှ ၁၅ ဆိုရမ် အထိ ဒဏ်ငွေပေးဆောင်ရမည် ဖြစ်ပါသည်။ အဆိုပါပြစ်မှုအတွက် စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ကို ဥဇဘက်ကစ္စတန်နိုင်ငံ ရှေ့နေချုပ်ရုံးလက်အောက်ရှိ ဆုံးဖြတ်ချက်များအကောင်အထည်ဖော်ရေး ဗျူရိုမှ အဖွဲ့အစည်းများက ကျင့်သုံးဆောင်ရွက်ပါသည်။

ထို့အပြင် စီမံခန့်ခွဲရေးဆိုင်ရာအရေးယူပေးပါရန် လျှောက်ထားပြီးနောက် တရားစီရင်ရေးဆိုင်ရာ အကောင်အထည်ဖော်ခြင်းကို ရှောင်ဖယ်ခြင်းအပြင် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်ကို အကောင်အထည်ဖော်ခြင်းအား သိရှိနားလည်သဘောပေါက်စေရန်အတွက် တာဝန်ရှိမှုနှင့်ပတ်သက်၍ ပြစ်မှုဆိုင်ရာကိုဓဥပဒေ၌လည်း ပြဋ္ဌာန်းထားရှိသည်၊ (အပိုဒ် ၂၃၂) ။

ထို့မျှမက အဆိုပါပြစ်မှုအတွက် တာဝန်ရှိသူဌာနဆိုင်ရာအရာရှိများအား တရားစွဲဆိုရန် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးက စတင်တောင်းဆိုနိုင်ကြောင်းတွေ့ရှိရသည်။

## ၁၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥပဒေအသစ်ပြဋ္ဌာန်းပြီးနောက် ပေါ်ပေါက်စေနိုင်သည့် ပြဿနာများ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေအသစ် မပြဋ္ဌာန်းမီ လက်ရှိတာဝန်ထမ်းဆောင်နေသောဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဒုတိယဥက္ကဋ္ဌက ဥပဒေအသစ်နှင့်ပတ်သက်၍ လက်တွေ့ဆောင်ရွက်ရာတွင် ပေါ်ပေါက်လာနိုင်သော ပြဿနာများကို ထောက်ပြလမ်းညွှန်ထားခြင်းအား အောက်ပါအတိုင်း လေ့လာတင်ပြအပ်ပါသည်။

### ၁၂-၁။ နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးရမည့်ကာလနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ချက်ချမှတ်ရမည့် အချိန်ကာလ ကိုက်ညီမှု မရှိခြင်း

နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုးခြင်းမပြုမီ ဥပဒေကြမ်းများ၊ နိုင်ငံတကာစာချုပ်များကို ဥပဒေအဖြစ် အတည်ပြုခြင်းကိစ္စရပ်များနှင့် သက်ဆိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဿနာများအားဆုံးဖြတ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအား ဥပဒေက အခွင့်အာဏာပေးအပ်ထားသည်။ သို့အတွက် မကြာသေးမီက ဆန်းသစ်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥပဒေသစ်သည် ဥပဒေများ၊ နိုင်ငံတကာစာချုပ်များကို အတည်ပြု၍ ဥပဒေပြဋ္ဌာန်းသည့်ကိစ္စရပ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စေရန် ကြိုတင်ကြီးကြပ်မှုဟူသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြီးကြပ်မှု ပုံစံသစ်အား မိတ်ဆက်ပေးသည်ကို တွေ့ရှိရသည်။

သို့ရာတွင် အဆိုပါဥပဒေအသစ်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် များစွာသောပြဿနာများကို ပေါ်ပေါက်စေကြောင်း သတိပြုသင့်သည်။ ဥပမာ နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုးရမည့်ကာလနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ချက်ချမှတ်

ရမည့် အချိန်ကာလ ကိုက်ညီမှု မရှိခြင်းဖြစ်သည်။ ဥပဒေအရ နိုင်ငံတော်သမ္မတသည် ရက်ပေါင်း ၃၀ အတွင်း ဥပဒေကိုလက်မှတ်ရေးထိုး ထုတ်ပြန်ပြဋ္ဌာန်းရမည်ဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ၇ ရက်ထက် နောက်မကျစေဘဲ အချင်းဖြစ်ကိစ္စကို စတင်စိစစ်သုံးသပ်၍ ဆုံးဖြတ်ချက်ကို ၃ လ (ရက် ၉၀) ထက် နောက်မကျစေဘဲ ချမှတ်ရမည်ဖြစ်သည့်အတွက် အချိန်ကာလနှစ်ခုကိုက်ညီမှုမရှိဟု ဆိုပါသည်။ *ထို့ကြောင့် ဤကဲ့သို့သောကိစ္စမျိုး၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် ကာလတစ်ခုအတွင်း နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးရမည်ဆိုသည့် ပြဋ္ဌာန်းချက်မျိုး ဖြည့်စွက်ပြဋ္ဌာန်းရန် လိုအပ်သည်ဟု သုံးသပ်တွေ့ရှိရပါသည်။*

၁၂-၂။ **တရားရုံးတစ်ရုံးက တင်သွင်းလာသည့်အမှုတွင် ဆောင်ရွက်ရမည့် နည်းလမ်းနှင့် ကာလအပိုင်းအခြားလုံလောက်မှုမရှိခြင်း**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တိုင်လျှောက်ချက်တစ်ရပ်အား လက်ခံသင့်မသင့် စံသတ်မှတ်ချက်မှာ ဥပဒေအရရရှိသည့် ကုစားမှုအားလုံးအား ဆုံးခမ်းတိုင်အောင် ဆောင်ရွက်မှုပြုရန် လိုအပ်ခြင်းပင်ဖြစ်ပါသည်။ ဥပမာ လစ်သူရေးနီးယားနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ လျှောက်ထားရန် အတွက် လိုအပ်သောစည်းကမ်းချက်တစ်ရပ်မှာ အချင်းဖြစ်ကိစ္စနှင့် ပတ်သက်၍ ဥပဒေအရအကာအကွယ်ပေးထားသည့်အတိုင်း နည်းလမ်းရှိသမျှ ဆုံးခမ်းတိုင်အောင် ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

တင်သွင်းလာသော အမှုများကို ပဏာမစိစစ်ခြင်းသည် ထိုသို့သော တရားဝင်လိုအပ်ချက်များကို ဆောင်ရွက်ပြီးစီးခြင်း ရှိ မရှိ လေ့လာခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ဥပဒေတစ်ရပ်သည် နိုင်ငံသားအခွင့်အရေးများကို ချိုးဖောက်နေပြီး မူလမှုတွင် အဆိုပါဥပဒေနှင့်ပတ်သက်၍ တိတိကျကျ ပြည့်ပြည့်စုံစုံ လျှောက်ထားတင်ပြခဲ့ပြီးဖြစ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ တင်သွင်းခြင်းအား ခွင့်ပြုနိုင်မည်ဖြစ်သည်။ ထိုသို့မဟုတ်က ခွင့်ပြုနိုင်မည် မဟုတ်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တိုင်လျှောက်ချက်အား မူလရုံးတွင် အမှုကို စဉ်းစားသုံးသပ်သည့် နောက်ဆုံးနေ့မှစ၍ ၁ နှစ်အတွင်း တင်သွင်းရမည်ဖြစ်သည်။ မူလရုံးတွင် အမှုကိုစဉ်းစားသုံးသပ်သည့် နောက်ဆုံးနေ့ရက်ဆိုရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ တင်သွင်းခြင်းမပြုမီ ဥပဒေအရရရှိသည့် ကုစားရန်နည်းလမ်းမှန်သမျှ အသုံးပြုဆောင်ရွက်ပြီးသည့် နေ့ရက်များ အပါအဝင်ကို ဆိုလိုသည်။ *သို့ဖြစ်ရာ ထိုတစ်နှစ်အတွင်း နစ်နာသူသည် ၎င်းဆောင်ရွက်ရမည့် နည်းလမ်းများအတိုင်း အားလုံးပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်း ရှိ မရှိ စဉ်းစားရန် လိုအပ်ပါသည်။ ဥပမာ-မြို့နယ်၊ ခရိုင်၊ တိုင်း၊ တရားရုံးချုပ် အစရှိသည်တို့ကို ဖြတ်ကျော်ရမည်ဖြစ်သဖြင့် အဆိုပါ ကိစ္စများအားလုံးကို ၁ နှစ်အတွင်း အပြီးအစီး ဆောင်ရွက်နိုင်ရန် ခဲယဉ်းသည်ဟု သုံးသပ်တွေ့ရှိရပါသည်။*

*မက်ဆီးဒိုနီးယားနိုင်ငံတွင်မူ ဤသို့သော အခြေအနေမျိုး အတွက် နိုင်ငံသား အခွင့်အရေး စတင် ချိုးဖောက်ခံရသည့်နေ့မှစ၍ ၂ လအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ တင်သွင်း နိုင်ပြီး ၅ နှစ်ထက်ပို၍ နောက်မကျရကြောင်း သတ်မှတ်ထားသဖြင့် ဤကာလ အပိုင်းအခြားက ပို၍သင့်တော်ကြောင်း တွေ့ရှိရပါသည်။ ဤသို့သော ကာလစည်းကမ်းသတ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေတွင် ပြဋ္ဌာန်းချက် မပါရှိ သဖြင့် နောင်တွင် ခုံရုံးဥပဒေ သို့မဟုတ် နည်းဥပဒေများကို ပြင်ဆင်သည့်အခါ ထည့်သွင်းစဉ်းစားလိုက စဉ်းစား နိုင်ပါရန် တင်ပြအပ်ပါသည်။*

## ၁၂-၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဖွဲ့စည်းပုံကို ချဲ့ထွင်ရန်လိုအပ်ခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အဖွဲ့ဖြင့်လုပ်ကိုင်ဆောင်ရွက်သော တရားရုံး ဖြစ်ပြီး တရားသူကြီးအားလုံးပါဝင်သည့် ကြားနာခြင်းဖြင့်သာ ယင်း၏ လုပ်ပိုင်ခွင့်နှင့် သက်ဆိုင် သည့် ပြဿနာအားလုံးကို စဉ်းစားသုံးသပ်မှု ပြုကြမြဲဖြစ်ပါသည်။ နိုင်ငံအများစုတွင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ တရားရုံး တရားသူကြီး အရေအတွက်မှာ ၉ ဦးဖြစ်ပြီး အချို့နိုင်ငံများတွင် ၁၂ ဦး၊ ၁၉ ဦးအထိ ဖြစ်သည်။ *ဩစတြီးယားနိုင်ငံတွင် ဦးရေ ၂၀ အထိ ခန့်အပ်ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။*

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တိုင်လျှောက်ချက်အား တင်သွင်းမှုတိုးပွားလာခြင်းသည် တရားသူကြီးများ၏ အလုပ်ပမာဏ တိုးပွားလာမှုကို အထူးသဖြင့် ဦးဆောင်သည်။ တိုင်လျှောက် ခွင့်ရှိသူ အမျိုးအစား တိုးပွားလာသော ဤအလှည့်အပြောင်းသည်ပင် တရားသူကြီးများ၏ အရေ အတွက် တိုးမြှင့်ခန့်ထားခြင်းကို လိုအပ်လာစေမည်ဖြစ်သည်။

ယခင် ဥဇဘက်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ဖွဲ့စည်းပုံမှာ သေးငယ် သည့်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တိုင်လျှောက်မှုများအား မျှော်လင့်ထားသည့်အတိုင်း အောင်အောင်မြင်မြင် ဖြေရှင်းရန်အခြေအနေကို ခွင့်ပြုပေးနိုင်ခြင်းမရှိပါ။ နိုင်ငံအများစုရှိ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးများ၏အစဉ်အလာအရ တရားသူကြီးများဖွဲ့စည်းခြင်းကို အနည်း ဆုံး ၉ ဦး ချဲ့ထွင်ခန့်အပ်ရန် လိုအပ်ပါသည်။ *ထိုသို့လိုအပ်သည့်အတွက် ယခင်က ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ အပါအဝင် ၇ ဦးသာ ရှိရာမှ ယခုအသစ်ပြဋ္ဌာန်းလိုက်သော တရားရုံးဥပဒေသစ် အပိုဒ် ၆ အရ ၉ ဦးအထိ တိုးချဲ့ဖွဲ့စည်းပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။*

## ၁၂-၄။ နိုင်ငံသားများ၏ တင်သွင်းမှု များပြားလာသည့်အခါ ပဏာမစိစစ်ရန် လုပ်ထုံးလုပ်နည်းများ လိုအပ်ခြင်း

များစွာသောနိုင်ငံများ၏အတွေ့အကြုံအရ နိုင်ငံသားများက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ အမှုတင်သွင်းနိုင်ခွင့်မှာ တဟုန်ထိုး တိုးတက်လာနေပြီဖြစ်ပါသည်။ ဥပမာအားဖြင့် ဂျာမဏီတွင် နိုင်ငံသားများက လျှောက်ထားမှုမှာ နှစ်စဉ် ၅၀၀၀ ထက် ပိုနေပြီး ရုရှား တွင် ၁၅၀၀၀ ခန့်ရှိသည်။ ဤသို့များပြားသော်လည်း ပဏာမစိစစ်သည့်လုပ်ထုံးလုပ်နည်းများဖြင့် စိစစ်လိုက် သည့်အခါ အရေးပါသောတောင်းဆိုမှုများပင် ဖြစ်လင့်ကစား ပဏာမအဆင့်၌ပင် ပယ်ချလိုက် သည့်အတွက် လျှောက်ထားချက်များ၏ ၂ ရာခိုင်နှုန်းခန့်မျှသာကျန်ရှိပြီး ပြန်လည်သုံးသပ်ရန် အခွင့်အရေး ရရှိကြသည်ကိုတွေ့ရှိရသည်။

ဥပဒေအသစ် ပြဋ္ဌာန်းလိုက်သည့်အတွက် ဥဇဘက်ကစ္စတန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံးသို့ တိုင်လျှောက်ချက် တင်သွင်းခြင်းမှာလည်း မှန်မှန်ကြီး တိုးတက်လာတော့မည် ဖြစ်သည်။ ဤလုပ်ငန်းစဉ်တွင် လျှောက်ထားချက်နှင့်ပတ်သက်၍ ရှင်းလင်းပြတ်သားသည့် လမ်းညွှန်ချက်များ၊ ခွင့်ပြုနိုင်ခြင်းရှိမရှိစံသတ်မှတ်ချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးအင်အားစုများအား ကျွမ်းကျင်သည့်အတွေ့အကြုံများ တည်ထောင်ပေးခြင်းလည်း လိုအပ်လာမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံသားများနှင့်ဥပဒေအရ တင်သွင်းခွင့်ရှိသူများထံမှ လက်ခံ ရရှိသောလျှောက်ထားလွှာများအား ပဏာမစိစစ်ရန်အခွင့်အရေးကိုလည်း တရားရုံး၏ လုပ်ထုံး လုပ်နည်းများဖြင့် လုပ်ပိုင်ခွင့်များသတ်မှတ်ပေးရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် ရုရှားဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အတွင်းရေးမှူးသည် နိုင်ငံ သားများ၏ လျှောက်ထားချက်များကို ပဏာမစိစစ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

## ၁၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှုတိုးတက်လာစေရေးအတွက်လိုအပ်ချက် များ

*ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်မှု တိုးတက်လာစေရေးအတွက် အခြေခံ အကျဆုံးနှင့်အရေးအကြီးဆုံးလိုအပ်ချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး(ခ)ခုံရုံး ဖွဲ့စည်း တည်ထောင်ခြင်းပင်ဖြစ်ပါသည်။ ဤနေရာတွင် အလျဉ်းသင့်၍ တင်ပြလိုသည်မှာ -*

*မဏ္ဍိုင်ကြီး (၃) ရပ်အား အပြန်အလှန်ထိန်းကျောင်းမှုပြုရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး လိုအပ်သည်ဆိုသော အခြေအနေအတွက် အကောင်းဆုံးဥပမာတစ်ရပ်အဖြစ် မိမိတို့ ခုံရုံးက စိစစ်ဆုံးဖြတ်ခဲ့သည့် တင်သွင်းလွှာအမှတ် ၁/၂၀၁၁ ကို တင်ပြလိုပါသည်။ တရားစီရင်ရေးမဏ္ဍိုင် နှင့်အုပ်ချုပ်ရေးမဏ္ဍိုင်တို့အကြားဖြစ်ပွားသည့် လုပ်ပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုကို ဖွဲ့စည်းပုံအခြေခံ*

*ဥပဒေဆိုင်ရာခုံရုံးအား ဖွဲ့စည်းတည်ထောင်ထားခြင်းမရှိခဲ့ပါက တရားလွှတ်တော်ချုပ်ကသာ အဆုံးအဖြတ်ပြုကောင်း ပြုတော့မည်ဖြစ်သဖြင့် ဤအခြေအနေသည် မျှတသော တရားစီရင်ရေး ဆိုင်ရာ စံနှုန်းများနှင့် ကိုက်ညီမှု ရှိ မရှိ မေးခွန်းထုတ်စရာ ဖြစ်လာနိုင်မည်ဖြစ်ပါသည်။ ယခုမူ မိမိတို့ နိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအား ဖွဲ့စည်း ထားရှိ ဆောင်ရွက်စေခဲ့သည့်အတွက် မှန်ကန်မျှတစွာ စီရင်ဆုံးဖြတ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။*

*သို့ရာတွင်မြန်မာနိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ တင်သွင်းမှုသည် သက်တမ်း ၁၂ နှစ် ကာလအတွင်း ပြန်လည်ရုပ်သိမ်းသည့် (၄) မှု အပါအဝင် (၁၈) မှုသာ ရှိနေသေးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေး အားကောင်းလာစေရန် ပြုပြင်ပြောင်းလဲမှုများ များစွာလိုအပ်နေသေးကြောင်း သုံးသပ်တင်ပြ အပ်ပါသည်။*

ထို့ပြင် တရားစီရင်မှုများတွင် တရားဝင်စံသတ်မှတ်ချက်ဆိုင်ရာ ထုတ်ပြန်ချက်များအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ မရှိ အောက်တရားရုံးများက တင်သွင်းခြင်း၊ တရား လွှတ်တော်ချုပ်က အယူခံတင်သွင်းခြင်းတို့ကို စဉ်းစားသုံးသပ်ရန်အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံး လိုအပ်ပါသည်။ ဥပဒေများ၏ အရည်အသွေးနှင့် ထိရောက်မှုများ တိုးတက် စေရန် တရားစီရင်ရေးယန္တရားတစ်ခုအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ဖြည့်ဆည်း ပေးခြင်းလည်း ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်မှုတိုးတက်လာစေရေးအတွက် လိုအပ် သည့် ထင်ရှားသောနောက်ထပ်အချင်းအရာတစ်ခုမှာ မူလတရားရုံးများ၏ လုပ်ပိုင်ခွင့်နှင့် သက်ဆိုင်ခြင်းပင်ဖြစ်ပါသည်။

ဥဇဘက်နိုင်ငံ တရားမကျင့်ထုံးဥပဒေ အပိုဒ် ၁၁၆ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ဆုံးဖြတ်ခြင်းမပြုမီ အောက်တရားရုံးများသည် အမှုဆက်လက်ဆောင်ရွက်ခြင်းအား ဆိုင်းငံ့ ထားရန် တာဝန်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ သို့သော်လည်း ပြဿနာများကို ဖြေရှင်းရန် တရားသူကြီးတစ်ဦး၏ လုပ်ပိုင်ခွင့်အတွက် တိကျသော လုပ်ထုံးလုပ်နည်း၊ နည်းစနစ်တို့ မရှိပါ။ တစ်နည်းအားဖြင့် ဥပဒေတစ်ရပ်အား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိမရှိကို စောဒက တက်ရန် အသေးစိတ် ကောင်းစွာစီစဉ်ထားသည့် အခြေအနေမျိုး၊ ရည်ညွှန်းသည့် အမှုအတွက် တိကျပြတ်သားသော နောက်ဆုံးအဆုံးအဖြတ်ဖြစ်သော အကျိုးရလဒ်မျိုး မရှိပါ။ ဥပဒေ တစ်ရပ် သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိမရှိ သံသယဖြစ်ခဲ့လျှင် ကနဦးစိစစ်သည့် တရားသူကြီးက မည်သို့ဆောင်ရွက်သင့်ကြောင်းနှင့်စပ်လျဉ်း၍ ဥပဒေတွင် ဖော်ပြထားခြင်း မရှိပါ။ မူလတရားရုံး တရားသူကြီးက တစ်ဆင့်မြင့်အာဏာပိုင်ထံ လျှောက်ထားရမည်လား၊ တရားရုံးချုပ်

သို့ အယူခံကိုတင်ပို့ရမည်လား ဆိုသည်မှာလည်း ထင်ထင်ရှားရှားမသိရှိရပါ။ လက်ရှိတွင် တရားလွှတ်တော်ချုပ် စုံညီအစည်းအဝေးက မူလရုံးများ၏ အမှုများမှ ပေါ်ထွက်လာသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ တင်သွင်းရန် သင့်တော်သည့် အချက်များအား လမ်းညွှန်မှု ပြုနေပါသည်။ နှေးကွေးလေးကန်သော ဤနည်းစနစ်သည် ယင်းကိုယ်တိုင်ကပင် သင့်မြတ်ခြင်း မရှိပါ။ သို့အတွက်ကြောင့် တရားရုံး၏ ယေဘုယျစီရင်ပိုင်ခွင့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ လျှောက်ထားရန် အလေး ပေးခြင်းလည်းမရှိ၊ လျှောက်ထားမှုများမှာလည်း တိုးတက်လာခြင်းမရှိသည်ကိုတွေ့ရှိရပါသည်။ အင်ဒိုနီးရှား ပညာသင်တစ်ဦး၏ အဆိုအရ “အမှုတွင်သက်ဆိုင်သည့် ဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ မူလရုံး တရားသူကြီးက သံသယဖြစ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ လွှဲအပ်တင်ပို့နိုင်သည့် ယန္တရား မရှိ ခြင်းက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ မညီ စိစစ်ရမည့် အခြေခံအကြောင်းတရားများကို လစ်လျူရှု ရန် တရားရုံး တရားသူကြီးများအား ဦးတည်စေခဲ့သည်”ဟု ဆိုသည်။

ထိုအကြောင်းအရာသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက စဉ်းစားသုံးသပ်ရန် အတွက် ပြစ်မှု/တရားမ တရားသူကြီးများအား အမှုတင်သွင်းနိုင်သည့် လုပ်ပိုင်ခွင့်မျိုး ပေးအပ် စေခြင်းမှာ သင့်တော်သည်ဟု ထင်မြင်ယူဆခြင်းဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် ဂျာမဏီ၊ အီတလီ၊ ကိုရီးယား၊ ရုရှားစသည့် တိုင်းပြည်များ၏ အစဉ်အလာများနှင့် ညီညွတ်မှု ရှိစေလိမ့်မည် ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ လုပ်ဆောင်ချက်များ ပိုမိုအားကောင်း လာစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တိုင်လျှောက်ချက် တင်သွင်းခြင်းက အကူအညီဖြစ်စေ ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၄၄ အား အကောင်အထည်ဖော်ခြင်းကို ဖြည့်ဆည်းပေးသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေး ပိုမိုကျယ်ပြန့်လာစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တိုင်လျှောက်ချက်၏ အရေးပါမှုကို ကန့်သတ်မထားရန် လိုအပ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ တင်သွင်းခွင့်ရှိသူများကို တိုးချဲ့ပေးလိုက်ခြင်း ဖြင့် ကျယ်ပြန့်မှုရှိလာပြီး တည်ဆဲဥပဒေများ၊ နိုင်ငံတကာစာချုပ်များနှင့်သက်ဆိုင်သော ဥပဒေ များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စေရန် ကြိုတင်ကြီးကြပ် ထိန်းကျောင်း နိုင်ခြင်းလည်း ရှိလာသည်။ သို့သော် လက်ရှိဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးအနေဖြင့် တက်ကြွနိုးကြားမှု ကင်းမဲ့နေသေးသည်။ ထိုသို့ ဖြစ်ရခြင်းမှာ လက်ရှိအခြေအနေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်မှု၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ဥပဒေယန္တရားများ တိုးတက်ပြည့်စုံရန် လိုအပ်နေသေးသည့်အတွက်ကြောင့် ဖြစ်ပါသည်။ တဖန် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ အမှု

တင်သွင်းနိုင်ခွင့်နှင့် အမှုဆက်လက်ဆောင်ရွက်ရာ၌ နောက်ထပ်ပါဝင်နိုင်မှုများက တရားမျှတမှု ရှိရေး၊ ဘက်မလိုက်ရေး အခြေခံမူများနှင့် ဆန့်ကျင်နေသည့် ကိစ္စမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်မှု တိုးတက်လာစေရေးအတွက် လိုအပ်ချက်ဖြစ်နေပါသည်။

ဥဇဘက်ကစ္စတန်နိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်မှုသည် ယခုအထိ ပြီးပြည့်စုံခြင်းမရှိသေးပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်မှုကို ထိထိရောက်ရောက် အကောင်အထည်ဖော်ရာတွင် အချို့ပြဿနာများက အဟန့်အတားဖြစ်နေကြောင်း တွေ့ရှိရသည်။ အဆိုပါပြဿနာများမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ထိန်းကျောင်းမှု ကိစ္စရပ်များကို နုတ်ဆိတ်နေခြင်း၊ တိုင်လျှောက်ရန် ပျက်ကွက်ခြင်း၊ အကောင်အထည်ဖော်ရာ၌ တရားဝင်ဆောင်ရွက်သည့် ယန္တရားများမှာ အပြစ်အနာအဆာ ရှိနေခြင်းတို့ဖြစ်သည်။ **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တိုင်လျှောက်မှု၏အနှစ်သာရသည် နိုင်ငံသားတို့၏ အခွင့်အရေးနှင့်လွတ်လပ်ခွင့်များကို ချိုးဖောက်သည်ဟုအဆိုရှိသော ဥပဒေတစ်ရပ်အား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ မရှိ စစ်ဆေးရန် နိုင်ငံသားအခွင့်အရေးကိုရရှိသွားစေခြင်းဖြစ်**သည်။ ယခုအခါ နိုင်ငံသားများအနေဖြင့် ကိုယ်တိုင်ကိုယ်ကျ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးရှေ့တွင်ရပ်တည်၍ အရေးဆိုနိုင်သော ဥပဒေအရအခွင့်အရေးရှိသည့် တင်သွင်းခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားမျှတမှုကို တစ်ဆင့်ခံရယူနိုင်ပြီဖြစ်သည်။ ထို့ပြင်နိုင်ငံသားများက တင်သွင်းသည့်အမှုတွင် ယင်းတို့၏ အထောက်အထားများအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီး အနည်းဆုံး ၃ ဦးက လက်ခံခွင့်ပြုခဲ့လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အဆိုပါအမှုကို စတင်နိုင်ပြီဖြစ်သည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီး ၃ ဦး၏ လက်ခံမှုကြောင့် အမှုကိုစတင်ဆောင်ရွက်နိုင်သည့် ဤအနေအထားတွင် နောက်ပိုင်းအမှုကြားနာရာ၌ အဆိုပါတရားသူကြီး ၃ ဦး ပင် ပြန်လည်ပါဝင်ဆောင်ရွက်မည်ဆိုပါက တရားသူကြီးများ၏ သမာသမတ်ကျမှု၊ ဓမ္မဓိဋ္ဌာန်ကျမှု စသော အခြေခံသဘောတရားများနှင့် ပဋိပက္ခဖြစ်လာနိုင်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားသူကြီးများက စတင်၍အမှုတင်သွင်းသကဲ့သို့ ဖြစ်နေသော ဤအလေ့အထကို စွန့်လွှတ်သင့်ကြောင်း ဥဇဘက်ကစ္စတန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဒုတိယဥက္ကဋ္ဌက မှတ်ချက်ပြုထားပါသည်။ ဥပမာအားဖြင့် ရုရှားဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အတွင်းရေးမှူးသည် နိုင်ငံသားများ၏ လျှောက်ထားချက်များကို ပဏာမစိစစ်နိုင်ကြောင်း ပြဋ္ဌာန်းထားသဖြင့် *ရုရှားနိုင်ငံ၏ လုပ်ထုံးလုပ်နည်းသည် တရားသူကြီးများက အမှုစတင်တည်ဆောက်သည့်အပြင် ယင်းအမှုကိုပင် ၎င်းတို့ကဆက်လက်၍ ကြားနာစီရင်ဆုံးဖြတ်မည့် အခြေအနေမှရှောင်လွှဲနိုင်သည်ကို သုံးသပ်တွေ့ရှိရပါသည်။*

## ၁၄။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တိုင်လျှောက်ချက် စတင်တင်သွင်းသည့် အဆင့်တွင် ထည့်သွင်းစဉ်းစားသင့်သော အချက်များ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တိုင်လျှောက်ချက် စတင်တင်သွင်းသည့်အဆင့်တွင် နိုင်ငံခြားတိုင်းပြည်များက အောင်အောင်မြင်မြင်ကျင့်သုံးနေသော အောက်ပါအလေ့အထများအား ထည့်သွင်းစဉ်းစားသင့်ကြောင်းကိုလည်း ဥဇဘက်ကစ္စတန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး ဒုတိယဥက္ကဋ္ဌကညွှန်ပြထားပါသည်-

- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တိုင်လျှောက်ချက်ကို ခွင့်ပြုနိုင်ခြင်းရှိမရှိနှင့်စပ်လျဉ်းသည့် တိုးတက်သောစံသတ်မှတ်ချက်များ၊ (နိုင်ငံသားများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ချိုးဖောက်သည့်အမှုများအား လက်ခံခြင်းကိစ္စ) ၊
- ဥပဒေက သတ်မှတ်ထားသည့်ကာလထက် နောက်မကျစေဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ အမှုတင်သွင်းခြင်း၊
- နိုင်ငံသားများတင်သွင်းသော လျှောက်ထားချက်များကို ပဏာမစိစစ်နိုင်ရန် လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်း၊
- တရားဝင်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ လျှောက်ထားချက်တွင် ပါရှိသောအချက်များကို မှန်ကန်ကြောင်း စိစစ်ခြင်းနှင့် လိုအပ်သောအချက်များကို အတည်ပြုခြင်း၊ ထိုအခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ လုပ်ထုံးလုပ်နည်းများ၌ သီးသန့်ဌာနများ ဖွဲ့စည်း၍ လုပ်ကိုင်စေခြင်း၊
- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ဆုံးဖြတ်ချက်ချမှတ်ရမည့် နောက်ဆုံးအချိန်ကန့်သတ်ချက်(deadline)ကို လိုက်နာသည့် ဥပဒေစံနှုန်းများ ညှိနှိုင်းရန် လိုအပ်ခြင်း၊
- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး တရားသူကြီးများက အမှုစတင်တင်သွင်းနိုင်သည့် လုပ်ပိုင်ခွင့်ကို စွန့်လွှတ်ရန် လိုအပ်ခြင်း။

သို့မှသာ အသစ်ပြဌာန်းလိုက်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥပဒေအရ နိုင်ငံတစ်ဝှမ်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ထိန်းကျောင်းမှု ပိုမိုအားကောင်းလာစေမည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ မှုခင်းဆောင်ရွက်ချက်များလည်း တိုးတက်လာမည်ဖြစ်သည်။ နောက်ဆုံးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံချက်ပေးအပ်ထားသော နိုင်ငံသားများ၏ အခွင့်အရေး နှင့် လွတ်လပ်ခွင့်များ ကိုပါ ထိထိရောက်ရောက် ကာကွယ်လာနိုင်မည် ဖြစ်သည်။

## ၁၅။ သုံးသပ်ချက်

*ဥပဒေတစ်ခု၏ ရည်ရွယ်ချက်သည် ၎င်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် အဓိက အကျဆုံးရေးသားဖော်ပြချက် ဖြစ်ပါသည်။ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေတွင် ရည်ရွယ်ချက်ဟု သီးခြားဖော်ပြမထားသော်လည်း ဥပဒေနိဒါန်းတွင် ဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်ကို မြင်တွေ့နိုင်ပါသည်။ အဓိကအချက်မှာ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများကို ချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။ ဥဇဘက်ကစ္စတန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥပဒေ၏ ရည်ရွယ်ချက်ကို ဥပဒေ အပိုဒ် ၁ တွင် ဖော်ပြထားပါသည်။ တရားရုံး၏ ဆောင်ရွက်ချက်များနှင့် သက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းသည်ပင် ဤဥပဒေ၏ ရည်ရွယ်ချက်ဖြစ်သည်ဟု ပြဋ္ဌာန်းထားသည့်အတွက် တရားရုံးက ဆောင်ရွက်သည့် ကိစ္စရပ်များအားလုံးအား ပြဋ္ဌာန်းဥပဒေအတိုင်း လိုက်နာအကောင်အထည်ဖော်နိုင်ရေးကို ဆိုလိုရင်းဖြစ်သည်ဟု လေ့လာတွေ့ရှိရပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံခုံရုံးဥပဒေနှင့် ဥဇဘက်တရားရုံးဥပဒေ တို့တွင်ပါရှိသော ရည်ရွယ်ချက်များသည် မဏ္ဍိုင်ကြီး (၃) ရပ် အပြန်အလှန်ထိန်းကျောင်းမှုအတွက် ရည်ရွယ်ပြဋ္ဌာန်းခြင်းဖြစ်ကြောင်း တွေ့ရှိရသည့်အတွက် ခုံရုံးသို့မဟုတ် တရားရုံးများအနေဖြင့် ဆုံးဖြတ်ချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန် ပြဋ္ဌာန်းသင့်ကြောင်းတွေ့ရှိရပါသည်။ ယခုဥဇဘက် တရားရုံးဥပဒေသစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ချက်ကို မလိုက်နာပါက မည်သို့အရေးယူ ဆောင်ရွက်နိုင်သည်ဆိုသည့် ပြဋ္ဌာန်းချက်များ ဆင့်ကဲပါဝင်နေသဖြင့် အဆိုပါ ပြဋ္ဌာန်းချက်များသည် မိမိတို့ခုံရုံးဥပဒေထက် ဆုံးဖြတ်ချက်ကို လိုက်နာစေရေး၊ ဆုံးဖြတ်ချက်အတိုင်း ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်စေရေးတို့အတွက် ပိုမိုအားသာသော အချက်များဖြစ်သည်ကို လေ့လာတင်ပြအပ်ပါသည်။*

*ဤနေရာ၌အလျဉ်းသင့်၍ဖော်ပြလိုသည်မှာ မိမိတို့ခုံရုံးဥပဒေနှင့်နည်းဥပဒေပါ အားနည်းချက်ဟု ယူဆမိသည့် ပြဋ္ဌာန်းချက်အချို့ပင် ဖြစ်ပါသည်။ မိမိတို့ခုံရုံးသည် တင်သွင်းလွှာ တင်သွင်းခြင်းကို လက်ခံဆောင်ရွက်သည့်အဆင့်မှ အပြီးသတ်ဆုံးဖြတ်ချက် ချမှတ်သည့်အဆင့်အထိ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းကိစ္စအဝဝကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခြင်း၊ အချက်အလက်များ တောင်းခံခြင်း၊ လိုအပ်ပါက ကျွမ်းကျင်သူ၏ သဘောထားနှင့် အကြံဉာဏ်များ ကိုရယူခြင်းနှင့် ရုံးတော်သဟာယကို ဖိတ်ကြားဆောင်ရွက်ခြင်းတို့ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ကြားနာစစ်ဆေးဆောင်ရွက်ပြီးမှ စီရင်ချက် အပြည့်အစုံရေးသား၍ ဆုံးဖြတ်ချက်များ ချမှတ် ဆောင်ရွက်ကြောင်းကို ဤရုံးမှ ထုတ်ဝေသည့် စီရင်ထုံးစာအုပ်များ၌ပင် အလွယ်တကူ တွေ့မြင်နိုင်ပါသည်။ ဤသို့ ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်များအားလုံး စုံစုံ ညီညီ စစ်ဆေးကြားနာဆောင်ရွက်ခဲ့သော တင်သွင်းလွှာများနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များအား ဆုံးဖြတ်ချက် မဟုတ်သယောင် အတွေး သို့မဟုတ်*

*ထောက်ပြစရာအချက်ပေါ်ပေါက်စေသည့်-ခုံရုံး၏စီရင်ဆောင်ရွက်ချက်များကိုအားနည်းရာရောက် စေသည့်- ခုံရုံးဥပဒေပုဒ်မ ၂၂(င)၏ပထမဖြင်္ကြောင်းနှင့်နည်းဥပဒေ ၂-(ဃ)(င)(စ) တို့အား ပြန်လည် ပြင်ဆင်ရာတွင် ထည့်သွင်းစဉ်းစားပြင်ဆင်လိုက ပြင်ဆင်နိုင်ပါရန် လေ့လာတင်ပြအပ်ပါသည်။*

*ထပ်မံ၍ ခုံရုံးဥပဒေပါ ပုဒ်မ အချို့နှင့်ပတ်သက်ပြီး အနည်းငယ် တင်ပြလိုပါသည်။ ခုံရုံး ဥပဒေ ပုဒ်မ ၁၂ (ခ) ၏ ပြဋ္ဌာန်းချက် နှင့် ပုဒ်မ ၁၇-က(၁) ၏ ပြဋ္ဌာန်းချက်သည် ဆိုလိုရင်း အဓိပ္ပါယ် ခြင်း အတူတူပင် ဖြစ်သည်ဟုနားလည်ပါသည်။ ပုဒ်မ ၁၂ (ခ) သည် လွှတ်တော်အသီးသီးက ပြဋ္ဌာန်း သည့် "ဥပဒေများ" ဟု ဖော်ပြပြီး ပုဒ်မ ၁၇ - က (၁) သည် လွှတ်တော်အသီးသီးက ပြဋ္ဌာန်းသော "ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်" ဟု ဖော်ပြခြင်းသာ ကွဲလွဲပါသည်။ ဥပဒေများကို စိစစ်သည့်အခါ ယင်းဥပဒေပါ ပြဋ္ဌာန်းချက်ကို စိစစ်ရသည်ဖြစ်သဖြင့် "ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်" ကို စိစစ်ခြင်း သည်လည်း အကျုံးဝင်သွားသည်ဟု ယူဆပါသည်။ သို့ဖြစ်၍ ပုဒ်မ ၁၇ -က(၁) ကို ထပ်မံ ဖြည့်စွက် ပြဋ္ဌာန်းသည့်အတွက် ပြဋ္ဌာန်းချက်များထပ်နေသကဲ့သို့ ဖြစ်နေပြီး ဥပဒေကောင်း တစ်ခု၏ အင်္ဂါရပ် နှင့်ညီညွတ်ခြင်းမရှိဟု လေ့လာတင်ပြအပ်ပါသည်။ ထို့ပြင် ပုဒ်မ ၁၇-က (၂) ကို ကြည့်ရှု ပါကလည်း စာရွက်စာတမ်းများ ပြည့်စုံစွာ ပူးတွဲပါရှိရမည်ဆိုသည့် ပြဋ္ဌာန်းချက်မှာ လုပ်ထုံးလုပ်နည်းမျှသာ ဖြစ်သည့်အပြင် နည်းဥပဒေတွင်လည်းဖော်ပြထားသည်ဖြစ်၍ လိုအပ်ခြင်းမရှိတော့ကြောင်း တင်ပြအပ်ပါသည်။ တဖန် ဤဥပဒေ ပုဒ်မ ၁၇ - က(၃) တွင်လည်း ၁၇-က(၁) အရ တင်သွင်းလာ သောကိစ္စရပ်ကို ရည်ညွှန်းထားရာ လွှတ်တော်ကော်မတီမှတ်တမ်းများ၊ ဆွေးနွေးချက်များကို တောင်းယူကြည့်ရှုနိုင်ခွင့်သည် အခြားကိစ္စရပ်များတွင် အသုံးပြုနိုင်ခွင့်မရှိတော့သလို ဖြစ်နေပါ သည်။ မိမိတို့ခုံရုံး၏ လုပ်ငန်းတာဝန်များသည် ဥပဒေကို စိစစ်သည့်ကိစ္စအပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေက အပ်နှင်းထားသော အခြားလုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်ရမည် ဖြစ်ပါလျှက် လွှတ်တော်ကော်မတီမှတ်တမ်းများ၊ ဆွေးနွေးချက်များကို ရေးသားထားသည့် မှတ်တမ်းမှတ်ရာများကို ဥပဒေစိစစ်သည့် လုပ်ငန်းတာဝန်တစ်ခုတည်းအတွက်သာ တောင်းယူ ကြည့်ရှုနိုင်သည့် သဘောသက်ရောက်သွားစေသည့် ဤ ပုဒ်မ ၁၇ - က(၃) ပြဋ္ဌာန်းချက်သည် မိမိတို့၏လုပ်ပိုင်ခွင့်ကို မိမိတို့ဘာသာ ပြန်လည်ကန့်သတ်လိုက်သကဲ့သို့ ဖြစ်နေသဖြင့် နောင် ဥပဒေပြင်ဆင်သည့်အခါ ထည့်သွင်းစဉ်းစားလိုက စဉ်းစားနိုင်ပါရန်အလို့ငှာ လေ့လာတင်ပြအပ်ပါ သည်။*

ဥဇဘက်ကစ္စတန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥပဒေသစ်နှင့် ပတ်သက်၍ မူ ဥပဒေသစ်ပြဋ္ဌာန်းလိုက်ခြင်းသည် လူ့အခွင့်အရေးများ၊ လွတ်လပ်ခွင့်များကို အာမခံချက်ပေး သည့်အပြင် အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ချက်များအား

အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို အာမခံပေးရန် ရည်ရွယ်သည့် လုပ်ငန်းစဉ်များကို အများအားဖြင့် ပြဋ္ဌာန်းပေးထားကြောင်း တွေ့ရှိရပါသည်။

ယနေ့ခေတ်တွင် ကမ္ဘာပေါ်ရှိ နိုင်ငံ ၁၉၃ နိုင်ငံအနက် ၁၆၄ နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်မှုများ ကျင့်သုံးဆောင်ရွက်နေသည်ကို မြင်တွေ့သိရှိနိုင်ပါသည်။ ၎င်းတို့ထဲမှ ၇၄ နိုင်ငံသည် ဥရောပပုံစံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်မှုကို ကျင့်သုံးပါသည်။ အထူးသဖြင့် ဆိုဗီယက်ယူနီယံမှ ခွဲထွက်လာသော သမ္မတနိုင်ငံများ အားလုံးနီးပါးသည် ဥရောပပုံစံအတိုင်း ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးကို ဖွဲ့စည်းတည်ထောင်ထားကြသည်။

ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံသည်လည်း ဆိုဗီယက်ယူနီယံပြိုကွဲပြီးနောက် လွတ်လပ်ရေးရရှိခဲ့ပြီး ၁၉၉၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုကျင့်သုံး၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်မှု ဆိုဗီယက်ကော်မတီဟူသော တရားစီရင်ရေးသဏ္ဌာန်ဆောင်အဖွဲ့ဖြင့် ဆောင်ရွက်နေရာမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဖြင့် ဆောင်ရွက်ခြင်းကို ဖြည်းဖြည်းမှန်မှန် ပြောင်းလဲလာခြင်းဖြစ်ကြောင်းတွေ့ရှိရပါသည်။

**နိဂုံး**

ဖွဲ့စည်းပုံအခြေခံဥပဒေစိုးမိုးမှုကိုထိရောက်စေခြင်း၊ အခြေခံဥပဒေဆိုင်ရာအခွင့်အရေးများနှင့် နိုင်ငံသားတို့၏လွတ်လပ်ခွင့်များကို အကာအကွယ်ပေးခြင်းတို့အား ရည်ရွယ်သည့် နိုင်ငံတော်အာဏာကိုကျင့်သုံးဆောင်ရွက်မှုဆိုင်ရာစနစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အလွန်တရာအရေးပါပါသည်။

ဥဇဘက်ကစ္စတန်နိုင်ငံ သမ္မတကြီးက တရားစီရင်ရေးနှင့် ဥပဒေစနစ်များတွင် အခြေခံကျသည့် ပြောင်းလဲမှုများကို အစပျိုးပေးခဲ့ခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ထိန်းကျောင်းမှု၏ ဖွံ့ဖြိုးတိုးတက်ခြင်းတွင် ဆန်းသစ်သောအဆင့်တစ်ခုအား လမ်းခင်းပေးခဲ့ခြင်းပင်ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ဥဇဘက်ကစ္စတန်နိုင်ငံ၏ မဟာဗျူဟာကျသော လုပ်ဆောင်ချက်များဖြစ်သည့် နိုင်ငံ၏ အခြေခံပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် ဦးစားပေး သတ်မှတ်ထားသည့် နယ်ပယ် ၅ ခုထဲ၌ တရားစီရင်ရေးနှင့် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လည်းပါဝင်ပါသည်။

ထိုမဟာဗျူဟာအရ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥပဒေသစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစွဲဆိုခြင်းလုပ်ငန်းစဉ်များကို ဒီမိုကရေစီစနစ်နှင့်အညီ ကျင့်သုံးခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ကြီးကြပ်ထိန်းသိမ်းခြင်းကို တိုးတက်ကောင်းမွန်လာစေခြင်းတို့အား ထိရောက်မှု

ရှိစေရန် ရည်ရွယ်သည့် ပြဋ္ဌာန်းချက်များအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ အချုပ်အခြာနှင့်အမှီအခိုကင်းမှုကို အားကောင်းစေခြင်းတို့အား ရည်ရွယ်သည့်ပြဋ္ဌာန်းချက်များ ပါဝင်ပါသည်။

အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များအား အဟောသိကံ မဖြစ်စေရေးအတွက် ဆုံးဖြတ်ချက်အားအကောင်အထည်ဖော်ရာ၌ ကြုံတွေ့ရသော ပြဿနာများ အနက် အချို့ကိုပြေလည်စေအောင် ဤကဲ့သို့ ဥပဒေသစ်ကို ပြင်ဆင်ပြဋ္ဌာန်းလိုက်ခြင်းသာ ဖြစ်သည်ဟု လေ့လာတင်ပြအပ်ပါသည်။

*မှတ်ချက်။ ဤဆောင်းပါးတွင် စာလုံးစောင်းဖြင့်ဖော်ပြထားသည်မှာ ပြုစုတင်ပြသူ၏ သဘောထား အမြင်မျှသာဖြစ်ပါသည်။*

**ရည်ညွှန်းကိုးကား**


၁။ Uzbekistan’s Constitution of 1992 with Amendments through 2011.

၂။ The 9th International Summer School (AACC). New Constitutuonal Law “On the Constitutional Court of the Republic of Uzbekistan” and certain issues of the Implementation of Decisions of the Constitutional Court (Senior Expert at the Department of International Affairs of the Constitutional Court of Uzbekistan).

၃။ Constitutional Control in Uzbekistan: Current State and Development Perspective (Ph.D. (in Law), Deputy Chairman of the Constitutional Court of the Republic of Uzbekistan, Tashkent, Uzbekista).

၄။ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံးများအတွဲ (၃)


**အင်တာနက်ဝက်ဆိုဒ်များ**


၁။ https://qalampir.uz/en/news/uzbekistan-konstitutslyasi-bugungach

၂။ https://www.britannica.com/topic/republic-government

၃။ Website The Institute for War & Peace Reporting

၄။ file:///D:/Uzbekistan/Uzbekistan%20-%20 Wikipedia,html